# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၈၄)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မဲစာရင်းကပ်ထားကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို (ဒုတိယ) အကြိမ်အဖြစ် ၁၄ ရက် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအတွက် ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၂၅-၁၂-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ၂၆-၁၂-၂၀၂၅ ရက်နေ့မှ ရွေးကောက်ပွဲကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့ မဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ သက်ဆိုင်ရာမဲရုံများတွင်လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲအပိုင်း (၁) တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်မှအပ ကျန်မြို့နယ်များ [ ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ကြေညာထားသည့် (၅၆) မြို့နယ်မပါ ] တွင် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှ ၅ - ၁ - ၂၀၂၆ ရက်နေ့အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲစာရင်းအမှတ်စဉ်များ သိရှိမှတ်သားထားပါက ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံ၌ မဲစာရင်းစိစစ်လက်မှတ်ရေးထိုးချိန်တွင် အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲစာရင်းလာရောက် ကြည့်ရှု၍ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



အသည်းအစားထိုးခွဲစိတ်မှု ဆောင်ရွက်စဉ်။

## ရန်ကုန်မြို့၌ (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ (၃၈) ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် (၄၉)နှစ်ရှိ အသည်းရောဂါလူနာ အမျိုးသားနှင့် အသက်(၃၉)နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီးမောင်နှမတို့အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ (၃၉)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် (၅၈)နှစ်ရှိ အသည်းလူနာ အမျိုးသမီးနှင့် အသက်(၂၅)နှစ်ရှိ အသည်းအလှူရှင် သားအမိတို့အား ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သောလူနာနှင့် အသည်းအလှူရှင် လေးဦးတို့ကို ခွဲစိတ်ပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❖

## ဖယ်ခုံမြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်

**ဖယ်ခုံ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယနေ့ နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ခဲ့ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံရပ်မိရပ်ဖများ တက်ရောက်ခဲ့သည်။

ဖယ်ခုံမြို့နယ်၌ နယ်မြေဒေသအခြေအနေအရ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှစတင်၍ ဘဏ်ခွဲကို ယာယီပိတ်သိမ်းခဲ့ရပြီး ယခုအခါ ဖယ်ခုံမြို့ကို တပ်မတော်မှ ပြန်လည်ထိန်းချုပ်နိုင်ကာ ဒေသတွင်းတည်ငြိမ်လာပြီဖြစ်သည့်အတွက် ယနေ့မှစ၍ ဘဏ်ခွဲကို ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

**ယနေ့ ဖတ်စရာ**


ရောင်စုံပန်းတွေ ဖူးပွင့်တော့မည့် ပြည်ထောင်စုသွေးချင်းတို့မြေ တို့မျှော်နေ...
(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး | စာ ၆

အာဆီယံနိုင်ငံများ၏ လျှပ်စစ်ကဏ္ဍ
ဆောင်းပါး | စာ ၁၀

မွန်ဂိုလီးယားနိုင်ငံ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့် နှင်းများဖုံးလွှမ်း
နိုင်ငံတကာသတင်း | စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# လယ်ယာသုံးစက်ကိရိယာပြပွဲ၌ စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော် ခင်းကျင်းပြသရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးဆောင်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် လယ်ယာသုံးစက်ကိရိယာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ(ပျဉ်းမနား)၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနိုင်ဦးတို့က လယ်ယာသုံးစက်ကိရိယာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ နေထိုင်ဖြစ်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်နည်းနည်းနှင့် ဆက်စပ်ဆောင်ရွက်နေကြပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး"**ကို ဦးတည်ချက်တစ်ရပ်အဖြစ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်နေသည့် သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို မှန်ကန်အောင် ဆောင်ရွက်နိုင်ရေး၊ မြေဆီလွှာကို စနစ်တကျပြုပြင်နိုင်ရေး၊ စိုက်ပျိုးရေကို ကောင်းမွန်သည့် စီမံခန့်ခွဲမှုဖြစ်စေရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေကြသည့်နေရာတွင် စက်မှုလယ်ယာစနစ်အသုံးပြုနိုင်ရေးသည် အရေးကြီးကဏ္ဍကနေ ပါဝင်နေကြောင်း။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍတွင် စက်ကိရိယာများ ပိုမိုအသုံးပြုနိုင်ရန်အတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများအနေဖြင့် ထွန်စက်ကြီး ၄၃၉၃၉ စီး၊ လက်တွန်းထွန်စက် ၄၆၂၆၇ စီး၊ ကောက်စိုက်စက် ၁၅၈ စီး၊ လက်ဆွဲကောက်စိုက်စက် စီး ၆၁၀၊ လက်ဆွဲမျိုးစေ့ချကိရိယာ ၃၇၄၆၇ လက်၊ ရိတ်သိမ်းခြွေလှေ့စက် ၁၃၂၁၁ စီး၊ စပါးအခြောက်ခံစက် ၂၁၁၀ အထိ တိုးတက်ပိုင်ဆိုင်လာကြသည်ကို စာရင်းဇယားများအရ တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မြေပြုပြင်ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများတွင် အထိုက်အလျောက်စက်ကိရိယာများ သုံးစွဲနေကြပြီဖြစ်သော်လည်း သီးနှံစိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ စပါးအပြင် အခြားသီးနှံများ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သီးနှံအခြောက်ခံခြင်း စသည့် အခြားစိုက်ပျိုးရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် စက်ကိရိယာအသုံးပြုမှုသည် အစပျိုးဆောင်ရွက်နေသည့် အဆင့်တွင်ရှိနေပြီး စက်ကိရိယာများကို ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်ရန်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းအဆင့်တိုင်းတွင် လယ်ယာသုံးစက်ကိရိယာများ မြောက်မြားစွာ လိုအပ်နေသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယခု လယ်ယာသုံးစက်ကိရိယာပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်ကြီးများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ စပါးစိုက်စက်များ၊ သီးနှံမျိုးစေ့ချကိရိယာများ၊ ပဲရိတ်သိမ်းခြွေလှေ့စက်များ၊ လက်တွန်းထွန်စက်များ၊ လက်တွန်းမျိုးစေ့ချစက်များ၊ မြက်ရိတ်စက်များ၊ ဆေးဖျန်းစက်များ၊ အင်ဂျင်များ၊ ဆန်ကြိတ်စက်၊ စပါးကြိတ်စက်များ၊ နေရောင်ခြည်သုံး ဆိုလာပန့်များ၊ သီးနှံအခြောက်ခံစက်များ၊ ထွေလာဂျီများ၊ ထွန်စက်ကြီးနှင့် တွဲဖက်သုံးကိရိယာများ အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေကြသည့် လယ်ယာသုံး စက်ကိရိယာအမျိုးမျိုးကို ပြသထားရှိပြီး တောင်သူများအနေဖြင့် မိမိစိတ်ဝင်စားရာ စက်ကိရိယာများကို အချိန်ယူလေ့လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လယ်ယာသုံး စက်ကိရိယာများကို မိတ်ဆက်သရုပ်ပြသခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း၊ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် အသင်းဥက္ကဋ္ဌ ဦးနိုင်ဦးတို့က ပြပွဲကျင်းပခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ Farmers Choice Tractor Co., Ltd.မှ Sonalika ထွန်စက်ကြီးနှစ်စီးနှင့် နောက်တွဲကိရိယာ နှစ်လက်၊ Myanmar Empire Co.,Ltd.မှ ဘယ်လာရုစ်နိုင်ငံထုတ် ထွန်စက်ကြီးတစ်စီးနှင့် နောက်တွဲကိရိယာ တစ်လက်၊ Mandalar Shwe Thiha Co.,Ltd. မှ Sonalika 90HP Tractor နှင့် တွဲဖက်အသုံးပြုသည့် ပြည်တွင်းဖြစ် Front Dozer တစ်လက်တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော လယ်ယာသုံး စက်ကိရိယာပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများဖြင့် လက်တွေ့ထွန်ယက်စိုက်ပျိုး သရုပ်ပြသနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် မြေယာပြုပြင်ခြင်းလုပ်ငန်းသုံး ထွန်စက်ကြီးအမျိုးမျိုး၊ နောက်တွဲကိရိယာများ၊ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာ၊ ကြားပေါင်းလိုက်စက်များ၊ ဆေးဖျန်းကိရိယာများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ ကောက်ရိုးထုံးစက်များ၊ စပါးအခြောက်ခံစက်များ၊ အာလူးစိုက်စက်၊ အာလူးဖော်စက်၊ ပီလောပီနံစိုက်စက်၊ ပြောင်းရိတ်စက် စသည့်စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကို ကုမ္ပဏီပေါင်း ၂၂ ခုမှ ပြခန်းပေါင်း ၃၀ ဖြင့် ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည့်အပြင် လယ်ယာသုံးစက်ကိရိယာများအသုံးပြု၍ လက်တွေ့မောင်းနှင်ထွန်ယက်စိုက်ပျိုး ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ ပူးပေါင်း၍ AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက အမိန့်ကြော်ငြာစာ အမှတ် ၁၂၀/၂၀၂၅ ဖြင့် “AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီ” ကို ဖွဲ့စည်းပေးခဲ့ပြီး Legal Assistant AI Model ဆောင်ရွက်လျက်ရှိရာ ဥပဒေအသိပညာအချက်အလက်များ ထည့်သွင်းပြီးစီးမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ စီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာနှင့် စီမံကိန်း အဖွဲ့ဝင်တို့က AI နည်းပညာဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်း ဆောင်ရွက်ရန် data collection ပြုလုပ်ခြင်းနှင့်ရရှိပြီးသည့် data များကို Legal Assistant AI Model အတွင်း ထည့်သွင်းလေ့ကျင့်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက AI နည်းပညာကို ဥပဒေအသိပညာနှင့် ချိတ်ဆက်၍ ကျယ်ပြန့်စွာ အသုံးချခြင်းဖြင့် ပြည်သူများအား ဥပဒေဗဟုသုတအသိပညာများကို ဖြန့်ဖြူးနိုင်ရေး၊ Legal Assistant AI Model ပိုမိုကောင်းမွန်စေရန် ထပ်မံထည့်သွင်းလေ့ကျင့်ရမည့် ဥပဒေများအတွက် Data စုဆောင်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ ကျောင်းတက်ရာခိုင်နှုန်း မြင့်မားစေရေးအတွက် သင်ယူမှုဝန်းကျင်ကောင်းဖြစ်ပေါ်လာစေရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေးရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ ကျောင်းတက်ရာခိုင်နှုန်း မြင့်မားစေရေးအတွက် သင်ယူမှုဝန်းကျင်ကောင်း ဖြစ်ပေါ်လာစေရေး စီစဉ်ဆောင်ရွက်ထားကြရန် လိုပါကြောင်း မှာကြားသည်။



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူး)များက Online စနစ်ဖြင့် တက်ရောက်ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ ကျောင်းပျက်ရာခိုင်နှုန်း လျှော့ချနိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် ကြီးကြပ်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ကန်ရေး၊ သင်ယူမှုဝန်းကျင်ကောင်းဖြစ်လာစေရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ ပရောဂျက်များကို သေချာစွာ စိစစ်၍ စနစ်တကျဆောင်ရွက်ကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် တက္ကသိုလ်တက်ရောက်ရခြင်း၏ အနှစ်သာရကို ခံစားနိုင်စေရေး ကျောင်းတွင်း အားကစားပွဲများတွင် ပါဝင်ဆောင်ရွက်ကြရန်နှင့် ရန်ကုန်တက္ကသိုလ်တွင် သိပ္ပံပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်း ပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ သိပ္ပံပွဲတော်၌ ပြသမည့် ပြခန်းများတွင် ကျောင်းသား ကျောင်းသူများ လက်တွေ့ ဆောင်ရွက်နိုင်ပြီး စိတ်ပါဝင်စားမည့် အကြောင်းအရာများကို ခင်းကျင်းပြသကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)နှစ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံ စာတမ်းဖတ်ပွဲကို စည်ကား အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ သိပ္ပံပွဲတော်တွင် တိုင်းရင်းသားရိုးရာ အစားအသောက် ပွဲတော်နှင့် သတ်မှတ်ထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အစားအသောက်ပြိုင်ပွဲကိုပါ ပူးတွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း၊ အလုပ်အကိုင်ရရှိရေးနှင့် အထောက်အကူပြုအတတ်ပညာကျွမ်းကျင်မှု(Job Ready Skills) သင်တန်းများ ဖွင့်လှစ်နိုင်ရေး စနစ်တကျစီစဉ်ဆောင်ရွက်ထားကြရန် လိုပါကြောင်း၊ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုများ အနေဖြင့် အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း ဒို့တာဝန် အရေးသုံးပါးကို လေးစားလိုက်နာစောင့်ထိန်းနိုင်သူ၊ ဒေသနှင့် နိုင်ငံ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူများကို စနစ်တကျ ရွေးချယ်ဆောင်ရွက်သွားနိုင်ရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များတွင် Project-based Learning ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နောက်ဆုံးနှစ် ကျောင်းသားများ ပရောဂျက်ဆောင်ရွက်ရာတွင် စာကြည့်တိုက်များ၊ Internet နှင့် Online Libraryများ မဖြစ်မနေအသုံးပြုစေရေး ဆောင်ရွက်ကြရန်၊ ကျောင်းများတွင် အားကစားကွင်းများ၊ အားကစားရုံများကို ကျောင်းသား ကျောင်းသူများ အသုံးပြုစေရေး စီစဉ်ထားရှိရန်၊ တက္ကသိုလ်ပရဝဏ် သန့်ရှင်းသာယာရေး၊ အမှိုက်ကင်းစင်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးတို့နှင့် ပတ်သက်၍ စနစ်တကျ စီစဉ်ထားရှိကြရန် ဆွေးနွေးပြောကြားကာ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့်အညီ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အစီအစဉ်ဖြင့် Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ Gender Focal Point သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကို ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး အခွင့်အရေးများနှင့်အညီ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိသော Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို ပိုမိုသိရှိစေရန်၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များတွင် ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်း (Gender Mainstreaming) ဆောင်ရွက်လာနိုင်စေရန်၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ချိတ်ဆက်ပူးပေါင်းမှု ပိုမိုအားကောင်းလာခြင်းဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြင့်တင် ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

သင်တန်းတက်ရောက်နေကြသော Gender Focal Point များသည် အဆင့်မြင့်အရာထမ်းများ ဖြစ်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဝန်ကြီးရုံးတွင် တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက် ကျား၊ မရေးရာဆိုင်ရာ အချက်အလက်များ ကောက်ယူရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် ကြားလိုကြောင်း၊ သင်တန်းမှရရှိသည့်ဗဟုသုတများဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ မဟာဗျူဟာများနှင့် ချိတ်ဆက်ပြီး အလေးထားကူညီဆောင်ရွက်ပေးကြရန်နှင့် ဝန်ကြီးဌာနများ၏ လက်တွေ့ကျသည့် ကျား၊ မရေးရာ ထည့်သွင်းစဉ်းစားခြင်း (Gender Mainstreaming) နည်းလမ်းများအပါအဝင် စိန်ခေါ်မှုနှင့် အလေ့အကျင့်ကောင်းများ ရှိပါက မျှဝေဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက သင်ခန်းစာများ ရှင်းလင်းဆွေးနွေးခြင်း၊ အပြန်အလှန် မေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ သင်တန်းသူ ၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါ နိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန် လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြင်ဦးလွင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ပြည်သူလူထုလှုံ့ဆော်ရေး(Campaign) ဆောင်ရွက်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၂**

ဆန္ဒပြုမဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်ရာ ရွေးကောက်ပွဲမှတစ်ဆင့် ပိုမိုအားကောင်းသော အနာဂတ်ကို ဖော်ဆောင်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေး လှုံ့ဆော်မှု(Campaign)ကို နိုင်ငံတစ်ဝန်း၌ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းနှင့် ဝန်ထမ်းအဆိုရှင်များ၊ နိုင်ငံကျော် ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထု လှုံ့ဆော်ရေး(Campaign)ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစီအစဉ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ**(အောက်ပုံ)**က တက်ရောက်လာကြသည့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ဦးစွာ MRTV မှထုတ်လုပ်သည့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း**(ယာပုံ)**က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နယ်မြေတည်ငြိမ်လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်ကို မကြာမီက နယ်မြေဆက်စပ်ပြီး ကြုံတွေ့ခဲ့ရသည့် ပြင်ဦးလွင်မြို့နယ်မှ ပြည်သူများအနေဖြင့် ပိုမိုသိရှိကြပြီးဖြစ်ပါကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မိမိတို့ဒေသအကျိုး ဆောင်ရွက်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒပြုမဲပေးကြရန်နှင့် ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ခရိုင်အတွက် MRTV DTH စလောင်းအစုံ ၃၀ နှင့် DVB-T2 Set Top Box အလုံး ၂၀ အား ပေးအပ်လှူဒါန်းရာ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို စတင်ရာ





ပြင်ဦးလွင်မြို့ အထက(၂)မှ ကျောင်းသူလေးများက "မေမြို့(သို့မဟုတ်)ပြင်ဦးလွင်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/ တေးသံရှင် ဟန်ထူးဈာန်၊ ဈာဈာန်ဟန်သာ၊ သံသာမိုးသိမ့် ၊ တေးသံရှင် စစ်သွေး ၊ ထက်အဥ္စလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးဇေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်း မေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြရာ တက်ရောက်လာကြသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်ကာ ပျော်ရွှင်စွာ အားပေးကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့များအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးအဖွဲ့များမှ ဂုဏ်ပြုချီးမြှင့်ငွေများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖတို့က ပေးအပ်ကြသည်။

နံနက်စောစောပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနုပညာရှင်များနှင့်အတူ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

ပြင်ဦးလွင် ရက္ခဗေဒဥယျာဉ်ကို ရေပြင်ဧရိယာဧက ၇၀ အပါအဝင် အကျယ်အဝန်း ၄၃၆ ဒသမ ၃၆ ဧက တွင် သဘာဝသစ်ပင်၊ ပန်းပင်များထိန်းသိမ်းထားရှိမှုအပြင် မူရင်းပန်းမျိုးများ၊ စပ်မျိုးပန်းပင်များနှင့် စုဖွဲ့စိုက်ပျိုးခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့နွံဖြတ်လျှောက်တံတား၊ သဘာဝငှက်ဥယျာဉ်၊ လိပ်ပြာပြတိုက် စသည့် ပြကွင်း/ပြကွက်များဖြင့်လည်းကောင်း စုဖွဲ့ကာ အများပြည်သူလေ့လာနိုင်ရန်နှင့် အပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

ထို့ပြင် နှစ်စဉ်ဆောင်းရာသီတိုင်းတွင် ပန်းပွဲတော်များ စီစဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ (၁၈) ကြိမ်မြောက် ပန်းပွဲတော်ကို နိုင်ငံကျော်အနုပညာရှင်များပါဝင်ကာ စင်တင်တေးဂီတဖြင့် ထည့်သွင်းကျင်းပလျက်ရှိရာတွင် ရုံးပိတ်ရက်များနှင့် အချို့ရက်များ၌ လာရောက်လေ့လာလည်ပတ်မှုနှင့် အပန်းဖြေရန် လာရောက်မှုဦးရေမှာ ပြည်ပခရီးသွားများ အပါအဝင် တစ်ရက်လျှင် အများဆုံးလည်ပတ်သူ လေးသောင်းခန့်ထိရှိနေပြီး မျှော်မှန်းထားသည်ထက် ပိုမိုလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ဒီဇင်ဘာ ၂၃ ရက်တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ရောင်စုံပန်းတွေ ဖူးပွင့်တော့မည့် ပြည်ထောင်စုသွေးချင်းတို့မြေ တို့မျှော်နေ ...

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

သမိုင်းကိုပြန်ကြည့်လျှင် ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြွင်နန်းနှင့် တိုင်းရင်းသားသွေးချင်းတို့ မြေသည် သာယာဝပြောစည်ကားခဲ့သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်းတို့ သည် မျိုးနွယ်စုကြီးများအဖြစ် ရှေးနှစ်ပရိစ္ဆေဒ များစွာကတည်းက အေးအတူပူအမျှ ဤမြေတွင် အတူတကွနေလာခဲ့ပြီး သံယောဇဉ်က ကြီးမားခဲ့ သည်။ မြန်မာတို့သည် မြင့်မားသည့် တောင်တန်း ကြီးများနှင့် ဤတောင်တန်းများအကြား တသွင် သွင် စီးဆင်းနေသည့် ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်းမြစ်တို့ကို အကြောင်းပြုပြီး တိုင်းရင်းသား အပေါင်း စုစည်းနေထိုင်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း ၁၉ ရာစု ကုန်ခါ နီးတွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နေ့အထိ တိုင်းတစ်ပါးလက်အောက်တွင် မြန်မာ ဆိုသည့် တိုင်းရင်းသားသွေးချင်းအပေါင်းသည် လမ်းပျောက်ခဲ့ရသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ထင်သလောက်ခရီးမပေါက်။ လွတ်လပ်ရေး၏ အသီးအပွင့်ကို မခံစားရ၊ ရေမြေ တောတောင်၊ သယံဇာတ၊ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုကိုပင် လက်ဆုပ်လက်ကိုင်ပြု၍ ထူးထူးခြားခြား၊ စွန့်စွန့်စားစားနှင့် ဖွံ့ဖြိုးတိုးတက် မှုဖြစ်စဉ်ကို အကောင်အထည်ဖော်ဖို့ ဖင့်နွှဲခဲ့ရသည်။

ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ညီအစ်ကိုများ၏ ကိစ္စ မတွေးနိုင်လောက်အောင် အိုးအိမ်စည်းစိမ်များ ပျက်ပြားခဲ့ရသည်။ လက်နက်စွဲကိုင်သော တော်လှန် လှုပ်ရှားမှုကြောင့် သယံဇာတ၊ လမ်းတံတားတို့ ဆုံးရှုံး၊ နိုင်ငံမတည်ငြိမ် တိုင်းပြည်အထနှေးခဲ့သည်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်ရေး ချည့်နဲ့ခဲ့ရသည်။ ရုံဖန်ရံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးဆီသို့ တွန်းပို့သော ခြိမ်းခြောက်မှုများ ကြုံခဲ့ရသည်။ ပြည်ပလွှမ်းမိုးမှု၊ နိုင်ငံရေးအစွန်းရောက် လက်ဝဲလက်ယာဝါဒီများနှင့် **"တောမီးလောင် တောကြောင် လက်ခမောင်းခတ်"** မသမာသူများ၏ ကိုယ်ကျိုးရှာမှုများကြောင့် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် ဆယ်စုနှစ်များစွာကြာခဲ့ပြီ၊ မပြီး နိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်။ ယနေ့တိုင် အပြီး မသတ်နိုင်သေးသည့်အတွက် ပြည်တွင်းပဋိပက္ခ အရှည်ကြာဆုံးနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ရသည်။



နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောနိုင်ဖို့ ကိုယ့်အားကိုယ်ကိုးကြရမည်။ တိုင်းရင်းသား အပေါင်းက တညီတညွတ်တည်း ကိုယ်ထူ ကိုယ်ထ ပြုကြ၊ ရေရှည်အကျိုးကိုမျှော်ကိုးပြီး ပြည်ထောင်စု ၏အနာဂတ်ခရီးကို ကိုယ့်အားကိုယ်ကိုး လျှောက် ကြရပါမည်။

**အတ္တာဟိ အတ္တနောနာထော**

အရှေ့ - အနောက်နိုင်ငံရေး အယူဝါဒများကို အလွန်အမင်း မတွယ်တာလေနှင့်၊ ကိုယ်ပိုင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများက ဟောင်း နွမ်းနေပြီ၊ ခေတ်မမီတော့ဟူ၍လည်း ယုံမှား သံသယမရှိလေနှင့်၊ ကိုယ့်စာပေ ကိုယ်တေးဂီတ သုခုမအနုပညာများက 'မတိုး' တော့ပြီဟူ၍လည်း မထင်လေနှင့်၊ အတိတ်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြွင်နန်းနှင့် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့ သည့် ဘဝကိုလည်း မလွမ်းလေနှင့်၊ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်ဖြင့် လုံလောက်ပြီဟုလည်း မတွက် လေနှင့်၊ ဒီမိုကရေစီဆိုတိုင်း ရောဂါမှန်သမျှ ကုသ နိုင်သည့် ဆေးကျမ်းဟု မဆိုနိုင်။

ကမ္ဘာ့နိုင်ငံအချို့သည် ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကို အမျိုးမျိုးသော အခက်အခဲ အကျပ်အတည်းကြားမှ တည်ဆောက်ကြရသည်။ ပညာတတ်၊ အရည်အချင်းပြည့်ဝသူ ဗလငါးတန် ပြည့်ဝသူတို့ကသာ တိုင်းပြည်အပြောင်းအလဲကို ပြုလုပ်နိုင်လိမ့်မည်။ ရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်ရပ် ဖွံ့ဖြိုး ရေးတွင် ပညာရေးက အခြေခံဖြစ်သည်။ ပညာဉာဏ် မရှိပါက စိတ်ပိုင်းဆိုင်ရာပြုပြင်ရန်ခက်ခဲပြီး အတတ် ပညာမဲ့လျှင် ဘဝရပ်တည်ရေးခက်လှသည်။ ဒီမို ကရေစီအသွင်ကူးပြောင်းရေး၊ မြန်မာနိုင်ငံ တည်ငြိမ် အေးချမ်းသာယာဝပြောရေး ခက်နေပါလိမ့်မည်။

ပြည်သူတစ်ဦးချင်း တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတိုင်းက မိမိတို့၏ ပညာ၊ စွမ်းအားများ ဖြင့် နိုင်ငံ၏ သယံဇာတကြွယ်ဝမှုကို အဖိုးတန်စွာ အသုံးချနိုင်ကြရမည်။ လက်နက်ခဲယမ်းများအစား တူတံစဉ်များကိုင်၊ လယ်ထွန်စက်ကို မောင်း၊ တောင်လိုပုံနေသည့် စပါးများကို ခေတ်မီဆန်ကြိတ် စက်သို့ပို့၊ ဆီစက်များကို လျှပ်စစ်နှင့် မောင်းနိုင်ခဲ့ လျှင် ဆီဖြင့်ရေချိုးနိုင်ပါမည်။ မိမိတို့ တိုင်းရင်းသား လယ်သမားကြီးများ ၊ ပြည်သူများအားလုံး ကြွယ်ဝ ချမ်းသာပြီး အေးချမ်းပျော်ရွှင်သောဘဝများ ပိုင်ဆိုင် နိုင်ပါလိမ့်မည်။

**နိုင်ငံသားတိုင်း၏ တာဝန်**

တိုင်းရင်းသား သွေးချင်းအပေါင်းသည် လွတ်လပ်သောမြန်မာနိုင်ငံကို အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးနေသော ဒုက္ခသည်နိုင်ငံအဖြစ် မလိုလား၊ ပြည်သူတစ်ရပ်လုံး လူတန်းစားအလွှာ အသီးသီး၏ ကောင်းကျိုးအဖုံဖုံကိုရှေးရှုကာ ကိုယ်စိတ်နှစ်ပါး အေးချမ်းသောဘဝကို လိုလား ကြသည်သာဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလား ကြသည်သာဖြစ်သည်။ နိုင်ငံသားတိုင်း၏ တာဝန် လည်းဖြစ်သည်။ အရေးသုံးပါးတစ်ခုချင်းစီက တစ်ခု ကိုတစ်ခု အထောက်အပံ့ဖြစ်စေသည့် မဏ္ဍိုင်ကြီး များဖြစ်သည်။ အလွန်ကို ခိုင်ခံ့နေရမည့် မဏ္ဍိုင်များ ဖြစ်ကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် မမေ့ မလျော့ သတိမူကြရမှာဖြစ်သည်။

**နှိုင်းယှဉ်ကြည့်စေလို**

မြန်မာနိုင်ငံတွင် စည်းလုံးရေးပျက်ပြားမှု၊ နိုင်ငံ ရေးမတည်ငြိမ်မှုကြောင့် လက်နက်ကိုင်အကြမ်း ဖက်မှုများသည် လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပေါ်ခဲ့ရာ အလွန်ပင်ထူးဆန်း၍ စဉ်းစားစရာ ကြီးဖြစ်နေသည်။ ယနေ့တိုင် အများပြည်သူများ သည် အကြမ်းဖက်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ခံရခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေ ပျက်စီးခြင်းနှင့် လူငယ်များ အတွေးအခေါ်၊ အယူ အဆအမှားများဖြင့် လမ်းမှားသို့ရောက်မှန်းမသိ ရောက်ရှိခြင်း စသည့် အနာဂတ်ထိခိုက်စရာများ အထိ ဖြစ်ပေါ်လျက်ရှိသည်။ အိမ်နီးနားချင်း ထိုင်းနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုများရှိခဲ့သော်လည်း စီးပွားမပျက်၊ ပညာရေးမပျက်၊ အလုပ် မပျက်၊ တည်ငြိမ်အေးချမ်းသွားသည်သာ ဖြစ်သည်။ အမေရိကန်နိုင်ငံ၌ ယနေ့အချိန်အခါတွင် တက္ကသိုလ် ကောလိပ်ပေါင်း ၃၅၀၀ ကျော်ရှိသည်။ သိပ္ပံနှင့် နည်းပညာသည် ပို၍အခရာကျကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းမှုရှိခြင်းကြောင့် လူအား၊ ငွေအားများ ပုံအောပြီးသုံးနိုင်ကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံနှင့် အကျယ်အဝန်းအရ၊ လူဦးရေ အရ၊ စီးပွားရေးအခြေခံအရ တူညီသည့် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်နေကြောင်း၊ သူသူကိုယ်ကိုယ် လူမှုစီးပွားဘဝ၊ မိသားစုအရေး၊ ပညာရေး၊ စီးပွားရေးမတွေးနိုင်လောက်အောင် ဖြစ်ခဲ့ခြင်းကြောင့် ခေတ်အဆက်ဆက်တွင် အထွေထွေဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည်။ မြန်မာတို့၏ ဘဝနှင့် မြန်မာတို့၏ မဝေးလှသော သမိုင်း၊ လူ့ဘောင်သမိုင်း၏ ပြောင်းလဲမှု ဘဝ ကံကြမ္မာကိုဖန်တီးရာ၌ ပဓာနအားဖြင့် ဆောင်ကြဉ်း သူတို့မှာ အသိဉာဏ်ရှိသော လူသားကသာ အဆုံး အဖြတ်ပေးသည်ကို တွေ့ရှိရသည်။

**ကြိုတင်ပြင်ဆင် ဆောင်ရွက်**

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ရွေးကောက် ပွဲအလွန်တွင် ပေါ်ပေါက်လာမည့် အစိုးရအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွား မြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ယနေ့အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု ကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင် နေသောကာလဖြစ်သည်။

တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစား နိုင်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပ ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေး လျက်ရှိသည်။ နှစ်ဆယ်ရာစု မြန်မာ့သမိုင်းတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ခါးသီးမုန်းတီးစရာ၊ စည်းလုံးမှုပျက်ပြားစရာဖြစ်သော သမိုင်းအထုပ်ကို မဖြေကြဘဲ ဥမကွဲသိုက်မပျက်မည့် ဖက်ဒရယ် ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံးက သံယောဇဉ်ကြိုးများဖြင့် ရေးရှုတည်ထောင်ဖို့ နိုင်ငံ့ ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင် များ ဦးဆောင်နေသည်ကို တွေ့မြင်ရသည်။ နိုင်ငံ ရေးပါတီများလည်းပါသည်။

**အထွေထွေရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ**

စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို လျှောက်လှမ်းရာတွင် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက် လျက်ရှိရာ မိမိဒေသ၊ ရပ်ရွာအတွက် စိတ်ရင်း စေတနာ မှန်ကန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်းသားများ နှင့် ဒေသကိုကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ် အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိ လာရန်မှာ အရေးကြီးလှသည်။ ဒီမိုကရေစီကို ကျင့်သုံးကြရာဝယ် စဉ်းစားတွေးခေါ်မြော်မြင်နိုင် သော လူထုလူတန်းစား၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံသားများ၏ ပညာရေး၊ နိုင်ငံရေးအသိအမြင် ကြွယ်ဝမှု အလွန်ပင်လိုအပ်နေသည်ကို တွေ့ရပါ လိမ့်မည်။

*စာမျက်နှာ ၇ သို့*

**❒ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို လျှောက်လှမ်းရာတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိရာ မိမိဒေသ၊ ရပ်ရွာ အတွက် စိတ်ရင်းစေတနာမှန်ကန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်းသားများနှင့် ဒေသကိုကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရန်မှာ အရေးကြီးလှသည်။ ဒီမိုကရေစီကို ကျင့်သုံးကြရာဝယ် စဉ်းစားတွေးခေါ် မြော်မြင်နိုင်သော လူထုလူတန်းစား၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံသားများ၏ ပညာရေး၊ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု အလွန်ပင်လိုအပ်နေသည်ကို တွေ့ရပါလိမ့်မည်။**

*စာမျက်နှာ ၆ မှ*

နိုင်ငံရေးပါတီများအနေဖြင့် အများနှင့်ဆိုင်သော အကောင်းဆုံးစံများကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားကြသည်ကို တွေ့ရသည်၊ ကောင်းခြင်းကြန်အင်လက္ခဏာများကို အများကသိပါစေ၊ မားမားမတ်မတ် ခံ့ခံ့ညားညားရပ်တည်ပါ။ တည်တည်ကြည်ကြည်ပြောဆိုပါ။ ကျွမ်းကျင်အားသန်သည့်အပေါ် ပို၍ကောင်းအောင် လုပ်ဖို့လိုသည်။ အသင်းအဖွဲ့ချဉ်းကပ်နည်းကို သုံးရမည်။ အစုအဖွဲ့ထဲမှ တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုအရည်အသွေး စိတ်ကူးစိတ်သန်းများကို အစည်းအဝေး၌၊ လွှတ်တော်အသီးသီး၌ ယူလာကြလျှင် ကြိုဆိုရမည်၊ အားပေးရမည်။ မှားတာရှိလျှင် ဝိုင်းပြင်ကြရမည်။

**အမျိုးသားကောင်းစားရေးအတွက် ပြင်းပြသော စိတ်ဖြင့်ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်မည်။ စုစုစည်းစည်း၊ တစ်ပေါင်းတစ်စည်းတည်းလုပ်ခြင်းသည် တစ်မျိုးတစ်ဘာသာ တစ်ရွာတစ်ပုဒ်ဆန်း တစ်သီးတခြားလုပ်ခြင်းထက် အောင်မြင်မှုကိုပို၍ရနိုင်ပါသည်။ ဝါဒပြင်းပြ၊ တစ်ဖက်သတ်အမြင်၊ ခွဲခြားဆက်ဆံသော အမြင်များကို ဖယ်ရှားရပါမည်။ ရှေးရိုးခွဲခြားဆက်ဆံမှု၏ အန္တရာယ်သည် ကြာရှည်လာသည်နှင့်အမျှ ဆင်းရဲမွဲတေမှု၊ စိတ်မချမ်းမြေ့ဖွယ် စိတ်ဒုက္ခတို့ တွေ့ကြပါလိမ့်မည်။ အသိမှား၍ အလုပ်မှားသည်။ မှားသော အလုပ်က ဆိုးကျိုးတရားသာပေး၏။ မကောင်းသော အကျိုးသည် အကြောင်းမဲ့သက်သက်ဖြစ်သည် မဟုတ်။ အလုပ်မှားခြင်းတည်းဟူသော အကြောင်းကြောင့်ဖြစ်၏။ အကောင်းဆုံးလုပ်ပါ၊ အကောင်းအဆိုး အကြောင်းအကျိုးများက ကိုယ်တိုင်ဖန်တီးခဲ့ခြင်းဖြစ်သည်ကို အကြွင်းမဲ့ယုံကြည်လိုက်ပါ။ ပန်းတိုင်ရောက်ဖို့အတွက် အများနှင့် ဆက်သွယ်ပြီး အလုပ်လုပ်ကြမှဖြစ်မည်။**

ဒီမိုကရေစီနှင့် ပြည်ထောင်စုဖက်ဒရယ်စနစ် အမျိုးသားဗိမာန်ကြီး တည်ဆောက်ရေး၌ ခြေလှမ်းမှန်မှန်နှင့် ချီတက်နိုင်ကြပါစေ။ နိုင်ငံသားတိုင်း၏ တာဝန်အဖြစ် မမေ့မလျော့သတိမူကြရမည်ဖြစ်ပါသည်။

**ပြည်သူတို့၏ တာဝန်**

နိုင်ငံတော်၏တာဝန်၊ အမျိုးသားရေးတာဝန်များကို လူကောင်းလူတော်များက ထမ်းဆောင်နိုင်ရန် ပြည်သူများက စိတ်ဝင်တစား စဉ်းစားချင့်ချိန်ရွေးချယ်ကြသည်။ ပုဂ္ဂလိကသော်လည်းကောင်း၊ ပါတီအဖွဲ့အစည်းများမှ တစ်ဆင့်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများမှ တစ်ဆင့်ဝင်ရောက်အရွေးချယ်ခံကြပြီး လွှတ်တော်အသီးသီးသို့ ရောက်လာကြသည်။ နိုင်ငံတော်၏တာဝန်၊ ပြည်သူပြည်သားများ၏တာဝန်ကို ထမ်းဆောင်မည့် ကိုယ်စားလှယ်တော်ကြီးများကို ရွေးချယ်ကြရာ၌ ပြည်သူတို့၏တာဝန်သည် လွန်စွာကြီးမားပါသည်။

**နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု**

လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ တိုးပွားမှု၊ ကျဆင်းမှုတို့သည်လည်း ထိုလူ့အဖွဲ့အစည်း၊ ထိုတိုင်းပြည်မှ ပြည်သူတို့၏ ဉာဏ်၊ ဝီရိယနှင့် စည်းလုံးညီညွတ်မှုပေါ်တွင် ပဓာနအားဖြင့် တည်နေပုံကို လယ်တီဆရာတော်ကြီးက -

**"…. တစ်ယောက်၏ ဉာဏ်၊ ဝီရိယသည် အားရှိသလောက် အကျိုးကိုဖြစ်ထွန်းစေနိုင်သည်။ ထို့ထက် နှစ်ယောက်ညီလာသော ဉာဏ်ဝီရိယသည် အားများစွာပါနေသည်။ ထိုထက် သုံးယောက်ညီလာသော ဉာဏ်ဝီရိယ၊ ထိုထက်လေးယောက်၊ ထိုထက် ငါးယောက်၊ တစ်ကျိပ်၊ တစ်ရာ၊ တစ်ထောင် စသည်ဖြင့် အများညီညွတ်သော ဉာဏ်ဝီရိယသည် တိုင်းကိုကြံနိုင်သည်။ ပြည်ကိုကြံနိုင်သည်။ ဤကဲ့သို့သော အရာများမှာ ကံသည် ပဓာနမဟုတ်၊ အများ ညီညွတ်သော ဉာဏ်၊ ဝီရိယသည်သာ ပဓာနပေတည်း…"** ဟု တွေးမြင်တင်ပြခဲ့သည်။



**"နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်ကာ အမှားအမှန်ကိုခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်ရန် အရေးကြီးပါသည်"** ဆိုသည့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာပါစကားကို မှတ်သားရသည်။

စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပညာတတ်များ ပေါ်ကြွယ်ဝရန်လိုအပ်သည်။ လူငယ်တို့ပညာတတ်မှ၊ အရည်အချင်းပြည့်ဝနေမှ သူတို့၏ အနာဂတ်က ရှင်သန်ရပ်တည်နိုင်မည်။ ဘက်စုံအရည်အချင်းများရှိမှ၊ ပညာအမြော်အမြင်ရှိမှ၊ အကျိုးအကြောင်း၊ အကောင်းအဆိုး၊ အမှန်အမှား ခွဲခြားတတ်မှ၊ ဆင်ခြင်တုံတရားရှိမှ၊ သူတို့၏အနာဂတ်က ရှင်သန်မည်။ စိတ်ထားမြင့်မြတ်၊ ထူးချွန်ထက်မြက်ပြီဆိုလျှင် သူတို့၏ အနာဂတ်ကို စိတ်အေးချမ်းသာစွာ တည်ဆောက်နိုင်ပါလိမ့်မည်။

မျိုးဆက်သစ်များက ပညာရည်မြင့်မားဖို့ မျက်ခြည်မပြတ် အားထုတ်ကြရမည်။ ပညာသည် နိုင်ငံသားတစ်ဦးချင်းစီအတွက်သာမက နိုင်ငံအတွက်ပါ အရေးပါသောတန်ဖိုးကြီးမားသည့် ဥစ္စာဖြစ်သည်။ ပညာရေးမှရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် များစွာအထောက်အကူပြုသော ပင်ကိုဉာဏ်ရည်ဉာဏ်သွေးများပင်ဖြစ်သည်။ ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝကို တိုးတက်စေနိုင်သည် သာမက နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးနိုင်သည်။

သင်ယူမှုကို မြတ်နိုးသူ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသူက နိုင်ငံတစ်နိုင်ငံ၏ သန်းပေါင်းများစွာသော လူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကြီးမားစွာ ပြောင်းလဲစေနိုင်သည်ဆိုသည်ကို မြော်မြင်တတ်ရမည်။ မိမိတို့ ကူညီနိုင်သည်မှာ မေတ္တာအကြင်နာ၊ ဂရုဏာထားကြဖို့၊ ပွားကြဖို့ဖြစ်သည်။ အားလုံးအတွက် ကောင်းမွန်သည်မို့ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားများများပွားဖို့ကိစ္စသည် ရှေးယခင်ထက်ပို၍ လိုအပ်သည်ကိုတွေ့ရသည်။ သံသရာတစ်ကွေ့တွင် မိမိတို့တစ်တွေသည် ယခုလိုဆုံတွေ့ရသည့်ဘဝ၊ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေလိုသည့်ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရှေးရှုသည့်ဝိသေသ၊ နိုင်ငံတကာအလယ်၌ ထည်ထည်ဝါဝါနှင့် နေနိုင်သည့်အခြေအနေကို ချစ်မြတ်နိုးကြရပါမည်။

**ပထဝီဝင်အနေအထား သယံဇာတနှင့် ခေတ်ကာလ**

နိုင်ငံ၏ တိုင်းရင်းသားအပေါင်းတို့သည် လူဦးရေ သန်းသုံးထောင်ကျော်ရှိ အရှေ့အာရှထဲမှ ၅၃ သန်းသာဖြစ်သည်။ ယှဉ်ပြိုင်ကြိုးပမ်းနေထိုင်ရမည့် ပထဝီဝင်အနေအထားနှင့် ခေတ်ကာလထဲကို ရောက်နေသည်။ နိုင်ငံကြီး နှစ်နိုင်ငံအကြားရှိသဖြင့် အချက်အချာလည်းကျ၊ သယံဇာတလည်းကြွယ်ဝဆိုပြီး ငြိမ်နေရုံဖြင့် ဘာမှဖြစ်မလာနိုင်။ သဘာဝအရင်းအမြစ်ကိုလည်းအားကိုး၊ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း၊ လုံ့လဝီရိယလည်းပါ၊ ပညာအမြော်အမြင်နှင့် ပေါင်းစပ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာနှင့် တွဲသုံးလိုက်လျှင် ဧကန်မုချဖွံ့ဖြိုးတိုးတက်ချမ်းသာလာမည်။ မြန်မာနိုင်ငံအတွက် လိုအပ်နေသည်မှာ ငြိမ်းချမ်းရေးဖြစ်၍ တွေ့ကြုံခဲ့ရသော အတိတ်နှင့်ပစ္စုပ္ပန်ဖြစ်ရပ်များကို သင်ခန်းစာယူကာ တန်ဖိုးမဖြတ်နိုင်သည့် ငြိမ်းချမ်းရေး အမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များ ထံသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့ လိုအပ်ချက်များရှိနေတတ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုသော်လည်း မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် လိုပါမည်၊ ဖက်ဒရယ်စနစ်၌ ကွဲပြားခြားနားမှုများရှိသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရန် လိုပါလိမ့်မည်။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်**

တိုင်းရင်းသားညီနောင်အားလုံး တန်းတူဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်။ သဟဇာတ၊ သမာသမတ် ဖေးမကူညီရိုင်းပင်းသည့် ဖက်ဒရယ်ကို တည်ဆောက်ရာတွင် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်မှုများ ရှောင်ရလိမ့်မည်။ နှလုံးသားနှင့် ဉာဏ်အမြော်အမြင်ကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုကို ကျင့်သုံးရလိမ့်မည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လမ်းကြောင်းသာ မြန်မာတိုင်းရင်းသားလူမျိုးရှစ်မျိုး၊ မျိုးနွယ်စုပေါင်း ၁၃၅ စုအတွက် တောင်ပေါ်မြေပြန့် မကွဲမပြားမခြားနားဘဲ ငြိမ်းချမ်းသာယာစေမည်၊ စည်ပင်ဝပြောမည်၊ ဖွံ့ဖြိုးတိုးတက်စေမည်။ သူသူကိုယ်ကိုယ် အတိတ်သမိုင်းကြောင်းက အမှားများကို သင်ပုန်းချေနိုင်လိမ့်မည်။

**နိုင်ငံသည် စည်းလုံးညီညွတ်မှုရှိရပါမည်။ စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ခက်သည်။ တင်းမာမှုနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဝင်မှုများက ပို၍ဆိုးဖွယ်ရာသာဖြစ်လိမ့်မည်။ အထူးအဖြင့် စိတ်ပိုင်းဆိုင်ရာ တစ်ဦးကိုတစ်ဦး ခွင့်မလွှတ်နိုင်ခြင်း၊ အမုန်းတရားနှင့် အကြမ်းဖက်လက်စားချေလိုခြင်း၊ စစ်မက်ဖြစ်လိုခြင်းတို့သည် လူလောကကြီးကို ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေသည်။ ကျွန်တော်တို့ အတူတကွ လက်တွဲညီညာ စည်းစည်းလုံးလုံးဖွံ့ဖြိုးဖို့၊ အေးအတူပူအမျှ အတူတကွ လူလောကကို ဖြတ်သန်းကြသည့်အခါ အငြိုးအတေး၊ ရန်ငြိုးကင်းဖို့၊ စစ်မက်ကင်းဖို့ ဘေးဒုက္ခများနှင့် မကြုံကြိုက်ဖို့ ကြိုတင်တွက်ဆနိုင်သော အသိဉာဏ်သည် အလိုအပ်ဆုံးဖြစ်သည်။**

မြန်မာဝေါဟာရများအရ ဒီမိုကရေစီ (Democracy)၊ လွတ်လပ်မှု (Freedom)၊ လွတ်လပ်ရေး(Independence)၊ လွတ်မြောက်မှု (Liberation)၊ လူ့အခွင့်အရေး (Human Rights)၊ အတိုက်အခံပါတီ (Opposition Party)၊ ပြည်သူ့ဝန်ထမ်း (Public Servant)၊ အစိုးရဝန်ထမ်း (Government Servant)၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (Non-Government-Organization) စသည်တို့၏ ဆိုလိုရင်းအဓိပ္ပာယ်များကို နားလည်ကြသော်လည်း သာမန်မြန်မာလူထုထဲတွင် ရှုပ်ထွေးနေတတ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီကို ကျင့်သုံးကြသော်လည်း

*စာမျက်နှာ ၈ သို့*

❖ **မျိုးဆက်သစ်များက ပညာရည်မြင့်မားဖို့ မျက်ခြည်မပြတ် အားထုတ်ကြရမည်။ ပညာသည် နိုင်ငံသားတစ်ဦးချင်းစီအတွက်သာမက နိုင်ငံအတွက်ပါ အရေးပါသော တန်ဖိုးကြီးမားသည့် ဥစ္စာဖြစ်သည်။ ပညာရေးမှရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် များစွာအထောက်အကူပြုသော ပင်ကိုဉာဏ်ရည်ဉာဏ်သွေးများပင်ဖြစ်သည်။ ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝကို တိုးတက်စေနိုင်သည် သာမက နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးနိုင်သည်။**

# သစ်လွင်သူနာပြု ၁၅၂၀ နှင့် သစ်လွင်သားဖွား ၃၆၁ ဦးတို့ကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေး ခန့်အပ်နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြု - သားဖွား ဒီပလိုမာ သုံးနှစ် သင်တန်းဆင်းမည့် သစ်လွင်သူနာပြုများနှင့် သားဖွားဒီပလိုမာ နှစ်နှစ် သင်တန်းဆင်းမည့် သစ်လွင်သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) Auditorium ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်လွင်သူနာပြုများနှင့် သစ်လွင်သားဖွားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့ သူနာပြု၊ သားဖွားများလိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော မှန်ကန်သော ခံယူချက်ရှိသည့် သူနာပြု၊ သားဖွားကောင်းများ ဖြစ်ကြစေလိုကြောင်းနှင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံကြစေလိုကြောင်း ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်း သစ်လွင်သူနာပြုနှင့် သားဖွားများ အနေဖြင့်နိုင်ငံတော်နှင့်ပြည်သူလူထုကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် သူနာပြုအတတ်ပညာဖြင့် ပြည်သူလူထုကို အကျိုးပြုကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌက သင်တန်းဆင်းမည့် သစ်လွင်သူနာပြု၊ သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ သက်ဆိုင်ရာဆေးရုံ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်စေလိုကြောင်း၊ လူနာများကိုပြုစုစောင့်ရှောက်ရာတွင် သူနာပြုသစ္စာ ဓိဋ္ဌာန်(၈)ချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် သူနာပြု၊ သားဖွားသင်တန်းကျောင်းမှ တက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ၈၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူနာပြု၊ သားဖွားသင်တန်းကျောင်းများမှ တက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ၃၄၀၊ ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်းမှ တက်ရောက်အောင်မြင်သူ သစ်လွင်သားဖွား ၁၆၂ ဦး စုစုပေါင်း ၅၈၈ ဦးကိုယ်စား သစ်လွင်သူနာပြု နှစ်ဦး၊ သစ်လွင်သားဖွား တစ်ဦးတို့ထံ ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာများပေးအပ်ပြီး သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်ရှိသူနာပြုသင်တန်းကျောင်း ခြောက်ကျောင်း၊ သားဖွားသင်တန်းကျောင်း တစ်ကျောင်းတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၅၀ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး တေးသရုပ်ဖော်အကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်တွင် သစ်လွင်သူနာပြု ၁၅၂၀ နှင့် သစ်လွင်သားဖွား ၃၆၁ ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် သူနာပြု ၁၇၆၂ ဦးကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍ *ရှေ့ဖုံးမှ*

အဆိုပါ ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသတွင်းတာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်မတော် တပ်ရင်း/တပ်ဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်အသုံးစရိတ်များထုတ်ယူခြင်း ၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ပင်စင်လစာငွေများထုတ်ယူခြင်း၊ နိုင်ငံတစ်ဝန်းဒေသအသီးသီးသို့ ငွေလွှဲပေးပို့ခြင်း၊ ဒေသအသီးသီးမှ လွှဲပို့ငွေများထုတ်ပေးခြင်း၊ ငွေစုဆောင်းအပ်နှံခြင်းနှင့် စုဆောင်းအပ်နှံငွေများ ပြန်လည်ထုတ်ယူခြင်းအပါအဝင် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဖယ်ခုံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူလူထုနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝမ်းသာပီတိဖြစ်လျက်ရှိပြီး နယ်မြေခံတပ်မတော်မှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ် (ရှမ်းပြည်နယ်ရုံး) မှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မျိုးထွန်းနှင့် ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိ/မြို့ဖများက ဖယ်ခုံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲအား အမွှေးနံ့သာရည်များပက်ဖျန်း၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



---

*စာမျက်နှာ ၇ မှ*

အကျိုးဆက်ရလဒ်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူသည်ကိုတွေ့ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ (The Government of the Republic of the Union of Myanmar)၊ ဥရောပသမဂ္ဂ (European Union) ဆိုသည့်ဝေါဟာရတို့သည် အပေါင်းလက္ခဏာများ ဆောင်ရွက်နိုင်ဖို့ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။

**အစိုးရတစ်ရပ် ဆိုသည်**

လွတ်လပ်ရေးရပြီးကာလနောက်ပိုင်း နှစ်ဆယ်ရာစုကုန်ဆုံးသည့် ကာလများတိုင် ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်များကို ဖော်ဆောင်နိုင်သည့် ဖွဲ့စည်းပုံများဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးရန် ဆောင်ရွက်ခဲ့သည့်ကာလကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကြုံခဲ့ကြသည်။ အစိုးရတစ်ရပ်ဆိုသည်မှာ ကာလအပိုင်းအခြားတစ်ခုအတွင်း၌ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးရသည့် နိုင်ငံတော်အဖွဲ့အစည်းတစ်ခုဖြစ်ရာ မည်သည့်အစိုးရ၊ မည်သည့်စနစ်ဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်သည်ဖြစ်စေ၊ အရေးကြီးဆုံးအချက်မှာ နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးကို အမှန်တကယ်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။

အတိုက်အခံပါတီဆိုတိုင်း အစိုးရလုပ်သမျှ စီမံသမျှ ထိပ်တိုက်တွေ့ ဆန့်ကျင်နေဖို့မဟုတ်။ ဒီမိုကရေစီကျင့်စဉ်အရ ကောင်းဖို့နည်းလမ်း၊ ကောင်းဖို့အတွက် အကျိုးအကြောင်းနှင့် ဝေဖန်သုံးသပ်ခြင်း၊ ညှိနှိုင်းခြင်းသည်သာ အတိုက်အခံ၏ အဓိပ္ပာယ်ဖြစ်သည်။ ဆန့်ကျင်တိုက်ပွဲဝင်ခြင်းသည် ဒီမိုကရေစီ၏အစွန်းတရားဖြစ်သည်။ အကျပ်အတည်း အခက်အခဲ၊ အစိုးမရလောက်သော အခြေအနေမျိုး တွေ့ကြုံသည့်အခါ တွေးခေါ်မြော်မြင်မှု အတွေ့အကြုံများအရ ဝေဖန်ပိုင်းခြားနိုင်သော အရည်အချင်းကို အခြေပြုကာ အပြောင်းအလဲလုပ်နိုင်ဖို့ ဒီမိုကရေစီသည် ဖွင့်ထားသော သဘောရှိသည်။

၁၉၈၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နေ့တွင် ရော်နယ်ရီဂင် ဒုတိယသမ္မတသက်တမ်းလက်ခံသည့် ကျမ်းသစ္စာခံယူရာတွင် စွမ်းအားရှိသမျှ သမ္မတတာဝန်ကို ထမ်းဆောင်ဖို့နှင့် ဖွဲ့စည်းပုံကို သစ္စာရှိရှိစောင့်သိလိုက်နာမည့်အကြောင်း ကတိပြုခဲ့ပါသည်။ သမ္မတ ရီဂင်က "အမေရိကန် ပြည်ထောင်စုမှာ ပါတီကြီးနှစ်ခုဟာ ပြဿနာအရပ်ရပ်နဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းခြင်း၊ အစိုးရဖြစ်လာတဲ့အခါ တိုင်းပြည်ရဲ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တယ်။ ဒီမိုကရက်ပါတီ၊ ရီပတ်ဗလစ်ကင်ပါတီ ရယ်လို့ မဟုတ်တော့ဘူး။ ညီညွတ်တဲ့ အမေရိကန်တွေအဖြစ် တိုင်းပြည်ရဲ့ ရည်မှန်းချက်၊ တိုင်းသူပြည်သားတို့ရဲ့ မျှော်လင့်ချက်ကိုရှေးရှုပြီး အစိုးရယန္တရားကို ချောမွေ့အောင် လုပ်ဆောင်ကြရပါတယ်လို့ နိုင်ငံကိုအသိပေးပြောကြားခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် အစိုးရဆိုသည် ဆရာကြီးဂုရု မဟုတ်၊ ပြည်သူ့ဝန်ထမ်းများသာ။ တိုင်းပြည်၏ လိုအပ်ချက်၊ တိုင်းပြည်အား အဘက်ဘက်မှဖွံ့ဖြိုးအောင် စီမံအုပ်ချုပ်မှု အခွင့်အာဏာများကို တိုင်းပြည်ကိုယ်စား ကြိုးပမ်းအားထုတ်ရသည့် သဘောဖြစ်ကြောင်း ပြောကြားသည်ကို တွေ့ရပါသည်။ ဒီမိုကရက်ပါတီ၊ ရီပတ်ဗလစ်ကင်ပါတီတို့သည် လက်ညှိုးထိုးအပြစ်မတင်၊ ဦးနှောက်ချင်းပြိုင်၊ နှလုံးသားချင်းကပ်၊ နိုင်ငံအတွက် ကိုယ့်တိုင်းပြည်က ပထမဖြစ်ရေး၊ ပြည်သူများကြီးပွားချမ်းသာရေး ဦးတည်ကြကြောင်း တွေ့ရပါသည်။

အတိတ်တွင် ကျန်ခဲ့ပြီဖြစ်သော ၂၀ ရာစု မြန်မာနိုင်ငံသည် အသစ်ပေါ်ထွန်းလာမည့် ၂၁ ရာစု မြန်မာနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရာဝယ် နိုင်ငံရေးတည်ငြိမ်မှု ရင့်ကျက်လာအောင်၊ အကိုင်းအခက်၊ အသီးအပွင့်များ ဝေဝေဆာဆာဖြစ်သည့် အရိပ်ရသစ်တောကြီးဖြစ်အောင် အထွေထွေရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်မည့် ကိုယ်စားလှယ်တော်ကြီးများကို ရွေးချယ်ကြမည်ဖြစ်သည်။ **"တောကောင်းသဖြင့် ကျားလုံ၊ ကျားရှိသဖြင့် တောလည်းလုံခြုံ"** သကဲ့သို့ အချင်းချင်း အပြန်အလှန်အကျိုးပြုကြခြင်းဖြင့် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

**ကောင်းပါပြီ၊ အနှစ်ချုပ်ကို တင်ပြရလျှင်**

- ကမ္ဘာ့လူသားတစ်ယောက်အဖြစ် မိမိတို့သည် ဘုရားဖူးသွားသော ခရီးသည်များသာ။ ဤကမ္ဘာမြေ၌ ရေစက်ဆုံကာ အသက်ရှင်ခွင့်ရှိသလောက်နေခဲ့ကြပြီ။ တစ်ခုတည်းသော မိုးကောင်းကင်အောက်တွင်နေ၊ တူညီသောလေကို ရှူခဲ့ပြီ။ ရေကြည်ကို သောက်ခဲ့ကြပြီ။ မြေမှပေါက်သည့် သီးနှံတို့ကို စား၊ ဝေငှလှူဒါန်းမှုများလည်းပြုခဲ့ကြပြီ။ မိမိတို့တစ်တွေ ရှေ့ခရီးမရှည်စေလို။
- မြန်မာတိုင်းရင်းသားတို့၏ ကောင်းကျိုးအတွက် မြော်မြင်တွေးခေါ် ကြံစည်စိတ်ကူးကြမှ၊ အသိဉာဏ်နှင့်ယှဉ်ပြီး အနာဂတ်ခရီးကို သတိရှိရှိနှင့်လျှောက်လှမ်းကြမှ၊ ကုသိုလ်စိတ်နှင့် တန်ဖိုးထားနေထိုင်ကြမှ နေခဲ့သမျှ နေရနိုင်မည့်ကာလအတွက် ကျေးဇူးတရားသိရှာ၊ ဆပ်ရာကျလိမ့်မည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ထောင်ကြရာဝယ် ရနံ့သင်း၍ ရောင်စုံဖူးပွင့်မည့် အဆင်းလှသော ပြည်ထောင်စုပန်းဥယျာဉ်ဟု တင်စားလိုသည်။ အရောင်လည်းစုံ၊ ရနံ့လည်းသင်းသည့် ပန်းများရှိရာသို့ ပျားပိတုန်း၊ လိပ်ပြာတို့ကဲ့သို့ ပြည်သူများ ဝဲပျံလာကြပေမည်။ အလှချင်းပြိုင်ကြမည့် နိုင်ငံရေးအခင်းအကျင်းသစ်ဟုခေါ်တွင်မည့် ဤဥယျာဉ်အတွင်း ပြည်သူတစ်ရပ်လုံး ပျော်ရွှင်ကြည်နူးစွာ တစ်စည်းတစ်လုံးတည်း နေချင်ကြပါသည်။ စိန်ခေါ်မှုများ မည်သို့ပင်ရှိသည်ဖြစ်စေ မြန်မာတိုင်းရင်းသား အပေါင်းတို့၏ နှလုံးရည်၊ လက်ရုံးရည်၊ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ သမာဓိ၊ သတိများဖြင့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့"** လျှောက်လှမ်းကြမည်ဖြစ်သည်။

တစ်ဦးတစ်ယောက်စီ၏စိတ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာများပွားလျှင် ကမ္ဘာကြီးကိုပင် တည်ငြိမ်အေးချမ်းစေကြောင်း မိမိတို့သည် မိုးကုပ်စက်ဝိုင်းတစ်ဆုံးအထိ လေ့လာစရာများကိုယ့်ရှေ့တွင် ရှိနေသည်မို့ သင်ယူရင်း ခရီးဆက်ကြရဦးမည်ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါသည်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၅
ရက်
သာ လိုတော့သည်။

## စစ်တွေမြို့နယ်ရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်

**စစ်တွေ ဒီဇင်ဘာ ၂၂**

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာ ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်ပြီး ပင်စင်လစာ ထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသော ကျောက်ဖြူမြို့နယ် မဒေးကျွန်းပေါ်ရှိ ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံတည်ဆောက်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်မည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ မြေယာလျော်ကြေး၊ နစ်နာကြေးပေးလျော်မည့် အစီအစဉ်နှင့် လုံခြုံရေးဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံဧရိယာအတွင်းပါဝင်သည့် တောင်သူများအား မြေယာလျော်ကြေး၊ နစ်နာကြေးပေးလျော်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ကျောက်တန်း(၁)၊ ကျောက်တန်း(၂) ရေလှောင်တမံစီမံကိန်းတည်ဆောက်မည့် အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)၊ဓာတ်ပုံ- ဝင်းမင်းစိုး**

## စစ်ကိုင်းတိုင်းဒေသကြီးရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အငြိမ်းစားဝန်ထမ်းများကို နံနက်စာ ကော်ဖီနှင့်မုန့်များ ဧည့်ခံကျွေးမွေးပြီး အငြိမ်းစားဝန်ထမ်း ၈၅၀ ကို အာဟာရဖြည့်စွက်စာ ကြက်ဥများ ပေးအပ်သည်။(ယာပုံ)

ထို့နောက် မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အကြောနာ အကြောတက်ရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကြပ်ရောဂါများ စစ်ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံစားသောက်ကုန် ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



❖ *ရှေ့ဖုံးမှ*

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာ ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခ၊ ဌာနကြီးမှူး (ဆေးလက်တွေ့) ပါမောက္ခဒေါက်တာ မင်းဇော်ဦး ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ ဒေါက်တာ စိုင်းအောင်ညွန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာ ဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာ ဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ဒေါက်တာ ဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ အောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အမျိုးသားသွေးဌာန) ဒေါက်တာ အယ်ထူးဖေ ဦးဆောင်သော သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ အိသန္တာထွေးနှင့် သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### ခွဲစိတ်ကုသမှုဆောင်ရွက်

အသည်းအစားထိုးခွဲစိတ်ကုသမှုများကို အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ်တွင် (၁)တွဲနှင့် ၂၀၀၉ ခုနှစ်တွင် (၁)တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်တွင်(၁)တွဲ၊ ၂၀၁၆ ခုနှစ်တွင် (၄)တွဲ၊ ၂၀၁၇ ခုနှစ်တွင် (၆) တွဲ၊ ၂၀၁၈ ခုနှစ်တွင် (၁၁) တွဲ၊ ၂၀၁၉ ခုနှစ်တွင် (၁၀) တွဲ၊ ၂၀၂၃ ခုနှစ်တွင် (၁)တွဲ၊ ၂၀၂၄ ခုနှစ်တွင် (၂)တွဲ၊ ယခု ၂၀၂၅ ခုနှစ်တွင် (၂)တွဲ စုစုပေါင်း (၃၉)တွဲကို ခွဲစိတ်ကုသမှုဆောင်ရွက်ပြီးဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်း၌ အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်သူများအတွက် လိုအပ်သော ကုသမှုကိုလက်လှမ်းမီရရှိစေကာ ပြည်ပသို့သွားရောက် ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေနိုင်သည့်အပြင် ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှု ပိုမိုတိုးတက် ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီမှ စိုက်ထုတ်သုံးစွဲရငွေ လျော့ကျစေမည်ဖြစ်ကြောင်းနှင့် အသည်းအစားထိုးကုသမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့၌ စားသုံးသူကာကွယ်ရေး ဥပဒေအသိပညာပေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ စားသုံးသူကာကွယ်ရေး ဥပဒေအသိပညာပေး (Talk Show) ယနေ့တွင် ကျင်းပသည်။

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချီဖွေမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးဂွာဇာလေးနှင့် မြစ်ကြီးနားခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ရုံးအုပ် ဦးဘောမ်ဖုံးတို့က စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များနှင့် စားသုံးသူများကို ဥပဒေအရ ဌာနအနေဖြင့် အကာအကွယ်ပေးထားမှုများကို အပြန်အလှန် မေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အာဆီယံနိုင်ငံများ၏ လျှပ်စစ်ကဏ္ဍ

**စွမ်းအင်မူဝါဒကျောင်းသား**

လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းသည် လူတစ်ဦး တစ်ယောက်ချင်း၏ နေထိုင်မှုဘဝ အဆင်ပြေ ချောမွေ့ခြင်းမှသည် လူမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက် ခြင်းနှင့်အတူ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ခြင်းတို့အတွက် အဓိကအခြေခံအချက် ဖြစ်ပါသည်။

**အာဆီယံနိုင်ငံများ**

၁၉၆၇ ခုနှစ် သြဂုတ်လ ၈ ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ စတင်ထူထောင်ခဲ့သော အရှေ့တောင် အာရှနိုင်ငံများအသင်း (The Association of Southeast Asian Nations / ASEAN)တွင် ယခုအခါ ဒေသတွင်းနိုင်ငံများအားလုံး ပါဝင်လျက်ရှိပြီး ချမ်းသာကြွယ်ဝ၍ ငြိမ်းချမ်းသော အသိုက်အဝန်း တစ်ခုအဖြစ် ဖြစ်ထွန်းနိုင်ရန်၊ စီးပွားရေးတိုးတက် ရန်၊ လူမှုဘဝမြင့်တင်ရန်နှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရန် တို့အတွက် အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားရရှိမှု**

လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ယေဘုယျ အားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ပို့ ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ ဟန်ချက်ညီ ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ပထမဦးစွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် စွမ်းအင်အရင်း အမြစ်များဖြစ်သော ရုပ်ကြွင်းဖြစ်လောင်စာများ (ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး)၊ ရေအရင်းအမြစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်း အင်အရင်းအမြစ်နှင့် ဇီဝလောင်စာတို့ကို အသုံးပြု ရမည်ဖြစ်ရာ မိမိတို့နိုင်ငံ၌ စွမ်းအင်အရင်းအမြစ် ပေါကြွယ်ဝခြင်းသည် လိုအပ်သော စွမ်းအင်အရင်း အမြစ်များ ပြည်ပမှ တင်သွင်းရခြင်းကို လျှော့ချနိုင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအတွက် များစွာ အထောက်အကူပြုပါသည်။


လူနေထိုင်မှုဘဝမြင့်မားရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အား ရရှိမှုသည် အခြေခံကျကျ အရေးပါသော်လည်း **“ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစွာ ထုတ်ယူရရှိ နိုင်မည့် လျှပ်စစ်ဓာတ်အားကို လူတိုင်းတတ်နိုင်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရေး”**မှာ ယနေ့ခေတ် တွင် ကမ္ဘာတစ်ဝန်း ကြုံတွေ့ရသည့် ကြီးမားသော စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။

မြေမျက်နှာသွင်ပြင်အနေအထားနှင့် ယဉ်ကျေး မှုအနေအထားတို့အရ ကွဲပြားခြားနားမှုများစွာ ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အပြည့်ပြည့်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မှ ၂၀၂၂ ခုနှစ် အထိ တိုးတက်ဆောင်ရွက်နိုင်ခြင်းကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

ဇယား-၁- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားရရှိမှု ရာခိုင်နှုန်း

| နိုင်ငံ | ၂၀၂၀ | ၂၀၂၂ | ၂၀၃၀ မျှော်မှန်းချက် |
|---|---|---|---|
| **ဘရူနိုင်းဒါရုဆလမ်** | ၁၀၀ | ၁၀၀ | ၁၀၀ |
| ကမ္ဘောဒီးယား | ၈၁.၁ | ၈၈.၄ | ၁၀၀ |
| အင်ဒိုနီးရှား | ၉၉.၂ | ၉၉.၆ | ၁၀၀ |
| လာအို | ၉၄.၃ | ၉၅.၃ | ၉၈ |
| **မလေးရှား** | ၁၀၀ | ၁၀၀ | ၁၀၀ |
| မြန်မာ | ၇၀.၄ | ၇၂.၅ | ၁၀၀ |
| ဖိလစ်ပိုင် | ၉၄.၅ | ၉၆.၂ | ၁၀၀ |
| **စင်ကာပူ** | ၁၀၀ | ၁၀၀ | ၁၀၀ |
| **ထိုင်း** | ၁၀၀ | ၁၀၀ | ၁၀၀ |
| **ဗီယက်နမ်** | ၉၉.၈ | ၁၀၀ | ၁၀၀ |

ပုံ ၁- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ၂၀၂၁-၂၀၂၂ တစ်နှစ်အတွင်း လျှပ်စစ်ဓာတ်အားတိုးတက်ရရှိမှု ရာခိုင်နှုန်း




**❖ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ယေဘုယျအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ ဟန်ချက်ညီ ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ပထမဦးစွာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက် နိုင်ရန် စွမ်းအင်အရင်းအမြစ်များဖြစ်သော ရုပ်ကြွင်းဖြစ်လောင်စာများ (ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး)၊ ရေအရင်းအမြစ်၊ နေရောင်ခြည် စွမ်းအင်၊ လေစွမ်းအင်အရင်းအမြစ်နှင့် ဇီဝလောင်စာတို့ကို အသုံးပြုရမည် ဖြစ်ရာ မိမိတို့နိုင်ငံ၌ စွမ်းအင်အရင်းအမြစ် ပေါကြွယ်ဝခြင်းသည် လိုအပ်သော စွမ်းအင်အရင်းအမြစ်များ ပြည်ပမှ တင်သွင်းရခြင်းကို လျှော့ချနိုင်၍ လျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်းအတွက် များစွာအထောက်အကူပြု**

အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်းဒါရုဆလမ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့က ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပြီး ဖြစ်ပါသည်။ ဒေသတွင်း၌ ဧရိယာအကြီးမားဆုံးနှင့် လူဦးရေ အများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည်လည်း ရာနှုန်းပြည့်နီးပါး လျှပ်စစ်ဓာတ်အားရရှိနေပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ တစ်နှစ်အတွင်း နိုင်ငံ အလိုက် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိမှုကို အာဆီယံဗဟိုစွမ်းအင်ဌာန(ASEAN CENTER FOR ENERGY-ACE)၏ 8th ASEAN Energy Outlook 2023-2050, အစီရင်ခံစာ အချက်အလက်များအရ အထက်ပါအတိုင်း ပုံ-၁ တွင် တွေ့မြင်နိုင်ပါသည်။

**ရုပ်ကြွင်းဖြစ်လောင်စာ(Fossil Fuels) သုံးစွဲမှု**

၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ အာဆီယံဒေသ နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး အသုံးပြုသော စွမ်းအင်အရင်းအမြစ်အများဆုံးမှာ ရုပ်ကြွင်းဖြစ်လောင်စာများဖြစ်၍ ဒေသတွင်း လျှပ်စစ်ဓာတ်အားပေးစက်များ၏ စုစုပေါင်း စက်တပ်ဆင်အင်အား၏ ၆၆ ဒသမ ၄ ရာခိုင်နှုန်း မှာ ယင်းရုပ်ကြွင်းဖြစ် လောင်စာများဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အသုံးပြုထုတ်လုပ်လျက်ရှိပါသည်။

**ကျောက်မီးသွေး။** ။ကမ္ဘာတွင် ကျောက်မီးသွေး ထုတ်လုပ်မှု တတိယအများဆုံးဖြစ်သော အင်ဒို နီးရှားနိုင်ငံက အာဆီယံနိုင်ငံအားလုံး အသုံးပြုသည့် စက်တပ်ဆင်အင်အားပမာဏ၏ ၄၃ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံက ၂၄ ရာခိုင်နှုန်းနှင့် မလေးရှား နိုင်ငံက ၁၂ ရာခိုင်နှုန်းအထိ အသုံးပြု၍ လျှပ်စစ် ဓာတ်အား ထုတ်လုပ်လျက်ရှိပါသည်။

**ရေနံ။** ။အမျိုးသားဓာတ်အားကွန်ရက် ပြင်ပ (Off Grid)ဝေးလံခေါင်သီသော ဒေသများကို ရေနံ ထွက်ပစ္စည်း(ဓာတ်ဆီ၊ ဒီဇယ်)များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလေ့ရှိရာ ယခုအခါ တွင် အာဆီယံနိုင်ငံအများစု၌ အမျိုးသားဓာတ်အား ကွန်ရက်တိုးချဲ့တည်ဆောက်၍ ယင်းသုံးစွဲမှုကို လျှော့ချလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင်သာ သုံးစွဲမှု များပြားလျက်ရှိပါသည်။

**သဘာဝဓာတ်ငွေ့။** ။ကျောက်မီးသွေးနှင့် နှိုင်းယှဉ် လျှင် ကာဗွန်ထုတ်လွှတ်မှုပိုမိုများပြားသော်လည်း သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းခြင်းကြောင့် နိုင်ငံအများစုက သဘာဝဓာတ်ငွေ့သုံးစွဲမှုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အသုံးပြု လာရာ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ လွဲ၍ အာဆီယံနိုင်ငံများအားလုံးက သဘာဝဓာတ်ငွေ့ကို အသုံးပြုကြပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု**

ကမ္ဘာကြီးပူနွေးလာမှု လျော့နည်းစေရေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဟန့်တားစေ ရေးတို့အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့နည်း ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်း ရေးတို့ကို ထည့်သွင်းစဉ်းစားခဲ့ကြသည်နှင့်အညီ ရုပ်ကြွင်းဖြစ်လောင်စာများ အသုံးပြုခြင်းအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ ဖြစ်သော ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ် တို့ကို အသုံးပြုလာကြပေသည်။

ဇယား-၂- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရုပ်ကြွင်းဖြစ်လောင်စာသုံး တပ်ဆင်အင်အား( မဂ္ဂါဝပ်) (၂၀၂၂)

| နိုင်ငံ | ကျောက်မီးသွေး | ရေနံ | သဘာဝဓာတ်ငွေ့ | စုစုပေါင်း |
|---|---|---|---|---|
| **ဘရူနိုင်းဒါရုဆလမ်** | ၂၅၄ | ၁၅ | ၁၀၄၆ | ၁,၃၁၅ |
| စုစုပေါင်း ၁,၃၂၂ မဂ္ဂါဝပ်၏ **၉၉.၄၇ %** | | | | |
| **မလေးရှား** | ၁၃,၁၈၈ | ၁၄၁ | ၁၁,၇၁၈ | ၂၅,၀၄၇ |
| စုစုပေါင်း ၃၃,၁၂၈ မဂ္ဂါဝပ်၏ **၇၅.၆၁ %** | | | | |
| **စင်ကာပူ** | - | ၇၆၄ | ၁၀,၆၇၁ | ၁၁,၄၃၅ |
| စုစုပေါင်း ၁၂,၃၄၄ မဂ္ဂါဝပ်၏ **၉၂.၆၄%** | | | | |
| **ထိုင်း** | ၆,၀၆၈ | ၃၇၄ | ၃၀,၉၂၅ | ၃၇,၃၆၇ |
| စုစုပေါင်း ၅၃,၃၅၂ မဂ္ဂါဝပ်၏ **၇၀.၀၄ %** | | | | |
| **ဗီယက်နမ်** | ၂၅,၃၁၂ | ၁၆၆ | ၇,၁၅၂ | ၃၂,၆၃၀ |
| စုစုပေါင်း ၇၅,၆၆၅ မဂ္ဂါဝပ်၏ **၄၃.၁၂ %** | | | | |
| **နိုင်ငံ** | **ကျောက်မီးသွေး** | **ရေနံ** | **သဘာဝဓာတ်ငွေ့** | **စုစုပေါင်း** |
| ကမ္ဘောဒီးယား | ၁,၀၂၅ | ၆၄၃ | - | ၁,၆၆၈ |
| စုစုပေါင်း ၃,၄၆၅ မဂ္ဂါဝပ်၏ **၄၈.၁၄ %** | | | | |
| အင်ဒိုနီးရှား | ၄၆,၀၄၄ | ၄,၃၅၂ | ၂၀,၈၃၁ | ၇၁,၂၂၇ |
| စုစုပေါင်း ၈၃,၈၀၂ မဂ္ဂါဝပ်၏ **၈၅.၀၀ %** | | | | |
| လာအို | ၁,၈၇၈ | - | . | ၁,၈၇၈ |
| စုစုပေါင်း ၁၁,၀၁၇ မဂ္ဂါဝပ်၏ **၁၇.၀၀ %** | | | | |
| မြန်မာ | ၁၃၈ | ၁၈၁ | ၃,၅၂၉ | ၃,၈၄၈ |
| စုစုပေါင်း ၇,၂၉၁ မဂ္ဂါဝပ်၏ **၅၂.၇၈ %** | | | | |
| ဖိလစ်ပိုင် | ၁၂,၄၄၃ | ၄,၄၃၆ | ၃,၇၃၂ | ၂၀,၆၁၁ |
| စုစုပေါင်း ၂၈,၉၃၂ မဂ္ဂါဝပ်၏ **၇၁.၂၄ %** | | | | |

*စာမျက်နှာ ၁၁ သို့*

## မချမ်းဘောမြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး မဲစာရင်းများ တိုက်ဆိုင်စစ်ဆေး

**မချမ်းဘော ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် မချမ်းဘောမြို့၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန် မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေး မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာ မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအဂ္ဂျန်ရှင်းက မကြာမီ ကျင်းပမည့် ပါတီစုံဒီမို ကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မချမ်းဘောမြို့နယ်ရှိ မဲဆန္ဒရှင်များအားလုံး အခက်အခဲမရှိ မဲပေးခွင့်ရရှိရေးအတွက် ယခုလို မဲစာရင်းတိုက်ဆိုင် စစ်ဆေးခြင်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မဲစာရင်းပါ အချက်အလက်များ ကွဲလွဲမှု မရှိစေရေး ဂရုပြုစစ်ဆေးသင့်ကြောင်း ပြောကြားခဲ့သည်။

**ယောရွှေနီ**
**(မချမ်းဘော)**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မော်မော်သန်း၊ အစိုးရအဖွဲ့ဝင် မိသားစုများနှင့် အမျိုးသမီးကော်မတီဝင်အလှူရှင်များ စုပေါင်း၍ တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်ရှိ ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ စာရေးကိရိယာနှင့် နဝကမ္မဝတ္ထုငွေ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပြုလုပ်စဉ်။ ဝတ်ရည်(ပြန်/ဆက်)

## တောင်ငူမြို့၌ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့အား အခမဲ့ဆောင်ရွက်ပေး

**တောင်ငူ ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ တောင်ငူခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဝန်ထမ်းများက လာမည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသည့် တောင်ငူမြို့နယ် အတွင်းရှိပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မြေပြင်ကွင်းဆင်း ၍ နိုင်ငံသားစိစစ်ရေး ကတ်များ ကိုင်ဆောင်ခဲ့ခြင်း မရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့ကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ဝန်ဆောင်မှုရုံး၌ One Stop Service ဖြင့် အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တောင်ငူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး ဒေါ်ခင်သန်းဝင်းနှင့် ဝန်ထမ်းများ၊ တောင်ငူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး ဦးသိန်းမောင်နှင့် ဝန်ထမ်းများက တောင်ငူမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများရှိ အိမ်ထောင်စုဇယားပုံစံ (၆၆/၆) တွင် ပါရှိပြီး အသက် (၁၈)နှစ်ပြည့်၍ မှတ်ပုံတင် မပြုလုပ်ရသေးသည့်သူများ၊ (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)ခြင်းနှင့် Biometric (UID) ကတ်ပြုလုပ်ပေးခြင်းတို့ကို One Stop Service ဖြင့် ပြည်သူ့ ဝန်ဆောင်မှုရုံး၌ ဒီဇင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ အခမဲ့ ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇော်ကိုကို(တောင်ငူ)**

*စာမျက်နှာ ၁၀ မှ*

အာဆီယံဒေသသည် လက်ရှိအချိန်တွင် သဘာဝ သယံဇာတဖြစ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ ပေါများသော်လည်း အဆင့်မြင့် နည်းပညာအသုံးပြုရခြင်းနှင့် ဓာတ်အားစနစ် တည်ငြိမ်စေရန် စွမ်းအင်သိုလှောင်စနစ် ထည့်သွင်း တည်ဆောက်ရခြင်းအတွက် ကနဦးကုန်ကျစရိတ် မြင့်မားခြင်းတို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုခြင်းကို ကြီးမားသော စိန်ခေါ်မှု ဖြစ်နေပါ သည်။ ထိုစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်မှာ ရင်းနှီး မြှုပ်နှံမှုအကူအညီရရှိရေးပင်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု များ ပိုမိုရရှိစေရန် နိုင်ငံ၏ စွမ်းအင်မူဝါဒရေးရာတွင် နိုင်ငံတော်အဆင့်အနေဖြင့် မက်လုံးပေးဆောင်ရွက် လျက်ရှိကြပါသည်။ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုမှာ အတုယူဖွယ် ဖြစ်လောက်အောင် တိုးတက်ခဲ့ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ သည် သဘာဝအတိုင်းဖြစ်တည်မှုဖြစ်သဖြင့် အရင်း အမြစ်ရရှိမှုကို ထိန်းချုပ်၍မပါ။ ဥပမာ- ရေအား လျှပ်စစ်ထုတ်လုပ်ရာတွင် ရေလှောင်ကန်အတွင်း ရေသိုလှောင်မှုအရ ထုတ်လုပ်ရပြီး မိုးရွာသွန်းမှုကိုမူ ကြိုတင်ခန့်မှန်းတွက်ဆခြင်းဖြင့်သာ တွက်ချက်နိုင် ပါသည်။ အတိအကျခန့်မှန်း၍ မရပါ။ လေစွမ်းအင် နှင့် နေရောင်ခြည်စွမ်းအင်တို့သည်လည်း စဉ်ဆက် မပြတ်ရရှိမှုကို အတိအကျ မှန်းဆ၍မရဘဲ ခန့်မှန်း တွက်ချက်ခြင်းမှ ရရှိနိုင်မှုအပေါ် ထုတ်လုပ်ရပြီး နေ့စဉ်အချိန်နှင့်အမျှ ပြောင်းလဲမှုရှိသဖြင့် ပြောင်းလဲ နိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ် များ (Variable Renewable Energy Resources, VRE)ဟု ခေါ်ဝေါ်ပါသည်။

ထိုအရင်းအမြစ်များကို အသုံးပြုရာတွင် စဉ်ဆက်မပြတ် တည်ငြိမ်စွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမရှိခြင်းကြောင့် စရိတ်စကကြီးမား သော စွမ်းအင်သိုလှောင်စနစ် (Energy Storage System)အဖြစ် Battery များ တွဲဖက်တပ်ဆင် အသုံးပြုရသကဲ့သို့ သဘာဝဓာတ်ငွေ့များ၊ ကျောက် မီးသွေးများ၊ ရေနံထွက်ပစ္စည်းများ (ဓာတ်ဆီ၊ ဒီဇယ်) အသုံးပြု၍ အရန်ဓာတ်အားထုတ်လုပ်ရေး စနစ်အဖြစ် ထည့်သွင်းတည်ဆောက်မှသာ ယုံကြည် စိတ်ချဖွယ်ရာ သတ်မှတ်အရည်အချင်းပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ဖြည့်ဆည်းပေး နိုင်မည်ဖြစ်ပါသည်။

**ဇယား-၃-(က) ၁၀၀ ရာခိုင်နှုန်းမီးလင်းပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး တပ်ဆင်အင်အား( မဂ္ဂါဝပ်)(၂၀၂၂)**

| စွမ်းအင်အရင်းအမြစ် | ဘရူနိုင်းဒါရူဆလမ် | မလေးရှား | စင်ကာပူ | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|
| ရေအား | | ၆,၁၀၀ | | ၈,၅၈၀ | ၂၂,၄၉၂ |
| ဘူမိအပူ | | | | | |
| နေရောင်ခြည် | ၆ | ၁,၉၃၀ | ၅၁၆ | ၂,၉၀၉ | ၁၆,၃၆၄ |
| လေအား | | | | ၁,၅၀၄ | ၃,၉၈၇ |
| ဇီဝစွမ်းအင် | | ၇၂ | ၃၉၃ | ၂,၆၉၂ | ၁၉၃ |
| အခြား | | | | ၃၀၀ | |
| စုစုပေါင်း | ၆ | ၈,၁၀၂ | ၉၀၉ | ၁၅,၉၈၅ | ၄၃,၀၃၆ |
| ရာခိုင်နှုန်း | ၀.၄၅ | ၂၄.၄၅ | ၇.၃၆ | ၂၉.၉၆ | **၅၆.၈၈** |

**ဇယား-၃-(ခ) အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး တပ်ဆင်အင်အား မဂ္ဂါဝပ်(၂၀၂၂)**

| စွမ်းအင်အရင်းအမြစ် | ကမ္ဘောဒီးယား | အင်ဒိုနီးရှား | လာအို | မြန်မာ | ဖိလစ်ပိုင် |
|---|---|---|---|---|---|
| ရေအား | ၁,၃၃၂ | ၆,၆၈၉ | ၉,၀၄၀ | ၃,၂၆၂ | ၃,၇၇၅ |
| ဘူမိအပူ | | ၂,၃၆၀ | | | ၁,၉၅၂ |
| နေရောင်ခြည် | ၄၃၇ | ၂၇၂ | ၅၆ | ၁၈၁ | ၁,၅၄၀ |
| လေအား | | ၁၅၄ | | | ၄၄၃ |
| ဇီဝစွမ်းအင် | ၂၉ | ၃,၀၉၉ | ၄၃ | | ၆၁၁ |
| အခြား | | | | | |
| စုစုပေါင်း | ၁၇၉၈ | ၁၂,၅၇၄ | ၉,၁၃၉ | ၃,၄၄၃ | ၈,၃၂၁ |
| ရာခိုင်နှုန်း | ၅၁.၈၉ | ၁၅.၀၁ | **၈၂.၉၅** | ၄၇.၂၃ | ၂၈.၇၆ |

### နိုင်ငံစုံ ဓာတ်အားကုန်သွယ်ရေး (Multilateral Power Trade)

စွမ်းအင်အရင်းအမြစ်များ အကျိုးရှိစွာ အသုံးပြု ခြင်းနှင့် အရင်းအမြစ်များ မျှဝေသုံးစွဲခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း စွမ်းအင်ဖူလုံရေး(regional energy security) စီမံ ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံ လျှပ်စစ်ဓာတ်အား ရောင်းဝယ်ခြင်းမှသည် နိုင်ငံစုံ ဓာတ်အားကုန်သွယ် ရေးအထိ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အာဆီယံနိုင်ငံများက ရည်မှန်းချက်ထား ဆောင်ရွက် လျက်ရှိပါသည်။

ရေအားလျှပ်စစ်အရင်းအမြစ် ပေါကြွယ်ဝသည့် လာအိုနိုင်ငံက အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သို့ လျှပ်စစ်ဓာတ်အားရောင်းချ သကဲ့သို့ နွေရာသီတွင် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အား ပြန်လည်ဝယ်ယူရခြင်းက ဒေသ တွင်းနိုင်ငံများအကြား စွမ်းအင်အရင်းအမြစ်များ မျှဝေသုံးစွဲနိုင်ခြင်း ပြယုဂ်တစ်ခုပင်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ လာအိုနိုင်ငံ က စင်ကာပူနိုင်ငံအထိ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀ ကို ထိုင်းနိုင်ငံကို ဖြတ်သန်း၍ မလေးရှားနိုင်ငံမှ တစ်ဆင့် ရောင်းချနိုင်ခဲ့သည်ကလည်း နိုင်ငံစုံ ဓာတ်အားကုန်သွယ်ရေးအတွက် အကောင်းဆုံး အတွေ့အကြုံကောင်းများကို ရရှိခဲ့ပါသည်။

### အနာဂတ်အလားအလာ

အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည်မှာ နိုင်ငံ တစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်သဖြင့် အခြေခံအဆောက်အအုံဖြစ်သော လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထားဆောင်ရွက် လျက်ရှိပါသည်။ လူတိုင်းတတ်နိုင်သည့် ဈေးနှုန်းဖြင့် သုံးစွဲနိုင်သည့် ယုံကြည်စိတ်ချဖွယ် လျှပ်စစ် ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးမှာ စီးပွား ရေး တွက်ခြေကိုက်သော **"ရုပ်ကြွင်းဖြစ်လောင်စာ များ အသုံးပြုခြင်း"** ဖြစ်သဖြင့် ထိုအရင်းအမြစ်များ သုံးစွဲခြင်းကို ရုပ်တန့်၍ မရသကဲ့သို့ ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းနှင့် ကမ္ဘာကြီးပူနွေးလာ ခြင်းကို ဟန့်တားကာကွယ်ရန် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များ တိုးတက်သုံးစွဲမှုကိုလည်း ရည်မှန်းချက်ထား အလေးထားဆောင်ရွက်လျက် ရှိပါသည်။

အာဆီယံနိုင်ငံများအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ် ဓာတ်အားထုတ်လုပ်မှုသည် စုစုပေါင်း လျှပ်စစ် ဓာတ်အားထုတ်လုပ်မှု စက်တပ်ဆင်အင်အား၏ ၃၅ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ထား ဆောင်ရွက် လျက်ရှိရာ ယခုအခါ ၃၃ ဒသမ ၇ ရာခိုင်နှုန်း ရရှိနေ ပါသည်။ မြန်မာနိုင်ငံတွင်လည်း နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၂၄၀ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အဆင့်မြင့်နည်း ပညာလိုအပ်ချက်နှင့် ရင်းနှီးမြှုပ်နှံမှုစရိတ် မြင့်မား လှသော နေစွမ်းအင်၊ လေစွမ်းအင် စသည့် **"ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များသုံးစွဲခြင်း"**နှင့် စီးပွားရေး တွက်ခြေကိုက်သော **"ရုပ်ကြွင်းဖြစ်လောင်စာများ အသုံးပြုခြင်း"**တို့မှာ အာဆီယံနိုင်ငံများ၏ လျှပ်စစ် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟန်ချက်ညီ အကောင်အထည်ဖော်နိုင်ရေး စိန်ခေါ်မှုများ ဖြစ်သကဲ့သို့ နိုင်ငံအလိုက် အလေးထားဆောင်ရွက် လျက်ရှိသည့် စွမ်းအင်မူဝါဒဆိုင်ရာ ရေတို၊ ရေရှည် စီမံချက်များသည် လျှပ်စစ်ဓာတ်အားရရှိမှုနှင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် သက်ရောက်မှုများစွာရှိကြောင်း တွေ့ရှိရပါသည်။ ။

**ကိုးကားစာရင်း-**

ASEAN Member States – ASEAN Main Portal.

8th ASEAN Energy Outlook 2023 – 2050.

ASEAN POWER UPDATES 2023.

Roadmap for Multilateral Power Trade,2024

ASEAN Center for Energy

Lao PDR's Power Sector Development and Planning, 4th GMS Energy Transition Task Force Meeting December 10–12–2024, Jakarta, Indonesia

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး

## မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း (ရွှေစက်)နှင့် အခြေခံပညာအထက်တန်းကျောင်း(မန်ခိန်)တို့၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မဲရုံတာဝန်ရှိသူများက မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် မိုးညှင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုစစ်ဆေး

**မိုးညှင်း ဒီဇင်ဘာ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် မိုးညှင်းမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မိုးညှင်း မြို့နယ်၌ အသုံးပြုမည့် မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှု စစ်ဆေးပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ခရိုင်၊မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် တာဝန်ရှိသူများနှင့်အတူ မိုးညှင်းမြို့နယ်တွင်အသုံးပြုမည့် အီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ မဲပေးစက်တွင် အသုံးပြုမည့် (၁၂)ဗို့ ဘက်ထရီများ ဓာတ်အားကြွဲခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မိုးညှင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံရာတွင် မြို့နယ်များအတွက် အီလက်ထရောနစ် မဲပေးစက် (MEVM)များ သယ်ယူရွှေ့ပြောင်းမည့် အစီအစဉ်များ၊ ရွေးကောက်ပွဲ ပထမပိုင်းတွင် ကျင်းပမည့် မိုးညှင်းမြို့နယ်အတွက် မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ဖြန့်ခွဲမည့် အစီအစဉ်များနှင့် ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့်သူများ အနေဖြင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အတိုင်း အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး သရုပ်ပြ လေ့ကျင့်မှုများ ဆောင်ရွက်ရေး တို့ကို တိုက်တွန်းပြောကြားသည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက ရွေးကောက်ပွဲ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်တာဝန်ခံက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်မည့် မဲရုံ အမှတ်(၈) လျာထားမဲရုံများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍ မီဒီယာများအား အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့် ပတ်သက်၍ မီဒီယာများအား အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ သတင်းမီဒီယာကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဟောပြောဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။



ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး(အပေါ်ပုံ) ဒေါက်တာစန်းဦးက အမှာစကားပြောကြားကာ ဥပဒေရေးရာ ကော်မတီအဖွဲ့ခေါင်းဆောင် ဦးရဲမင်းစိုးက မိတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် ဦးမြတ်စိုး(လှိုင်)နှင့် ဦးရဲမင်းစိုးတို့က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၊ မီဒီယာများ ရွေးကောက်ပွဲသတင်းရယူခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ အွန်လိုင်းသတင်းဖော်ပြချက်များဆိုင်ရာ စံနှုန်းများ၊ သတင်းသမားများနှင့် လူမှုမီဒီယာအသုံးပြုမှု၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် တရားမဲ့ပြုကျင့်မှုများကို ဆွေးနွေးပို့ချခဲ့သည်။

**အောင်မြင့်(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ နွေစပါးစိုက်ပျိုးရာသီ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ဖျာပုံ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ ကြဲခင်းစနစ်လျှော့နည်းပပျောက်ရေး မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျုံတာကျေးရွာအုပ်စု ဖျာပုံ-ကျိုက်လတ်ကားလမ်းဘေး၊ ကွင်းအမှတ်(၄၅၇/A)၊ တောင်သူ ဦးမောင်မောင်၏ လယ်ယာမြေ၌ ကျင်းပသည်။

အဆိုပါမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်းကွင်းသရုပ်ပြပွဲနှင့် ကန်သင်းပေါင်တွင် ကျင်းတစ်ထောင်ဆီတစ်ပုံး နေကြာစိုက်ပျိုးထားရှိရာသို့ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ကော်မတီဝင်များ၊ ဖျာပုံမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင်ဌာနဆိုင်ရာများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သစ်ပင်စိုက်မှ အရိပ်ရ၏။
ရိပ်ခိုနားနေ အပန်းပြေ၏။

# ထားဝယ်မြို့၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်



**ထားဝယ် ဒီဇင်ဘာ ၂၂**
တနင်္သာရီတိုင်းဒေသကြီးအဆင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း (၃/၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ (၂) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကရရှိလာမည့် အသိပညာဗဟုသုတများကို မိမိပတ်ဝန်းကျင်နှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တို့တွင် ပြန်လည်အသုံးချဆောင်ရွက်နိုင်သော အခြေအနေအထိ ရောက်ရှိအောင် ကြိုးစားသင်ယူကြစေလိုကြောင်း၊ ဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာရပါက ထိရောက်လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် အရည်အသွေးပြည့်ဝသော သင်တန်းသား သင်တန်းသူများဖြစ်စေရန်အတွက် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ သင်ယူလေ့လာကြစေလိုကြောင်း၊ ပြည်သူများအကြား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် တာဝန်သိစိတ်ကိုယ်စီဖြင့် ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**
အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၂/၂၀၂၅)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းများနှင့် စာကြည့်တိုက်ပညာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း၊ စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်ပညာရပ်များကို အားတက်သရောလေ့လာသင်ယူ၍ မိမိတို့စာကြည့်တိုက်များတွင် ပြန်လည်အသုံးချစေလိုကာ လူငယ်များစာဖတ်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ငွေကျပ် ၃၆၅၀၀၀၀ ကိုညွှန်ကြားရေးမှူးထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ အခြေခံပညာ ကျောင်းစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ် ကွန်ပျူတာ တက္ကသိုလ်(ဘားအံ)ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မောင်မယ်သစ်လွင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။



ဆက်လက်၍ ကွန်ပျူတာ တက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများက ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြကာ King & Queen ရွေးချယ်၍ ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးသိုက်စိုး ပဲခူးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မုက္ကလကျေးရွာသို့သွားရောက်၍ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာကုန်ထုတ်လမ်း ပေ ၄၆၂၀ ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းသည် ကျေးရွာရှိ အိမ်ခြေ ၄၇၄ အိမ်၊ တောင်သူ ၂၀၃ ဦး၏ စိုက်ပျိုးမြေဧက ၂၅၈၀ ကို အကျိုးပြုမည်ဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေတန်ကျေးရွာသို့ သွားရောက်၍ ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေ ပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွှေတန်–ပြဟန် ကျေးရွာချင်းဆက်လမ်း အရှည် ၄၀ းဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းတင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဒီဇင်ဘာ ၂၂**
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရှမ်းအရှေ့တာဝန်ခံ ဦးမျိုးမောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပူးပေါင်း၍ မဲစာရင်းစိစစ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် MEVM စက်များထားရှိရာ နယ်မြေခံတပ်ရင်းခန်းမ၌ မဲပေးစက်ဆိုင်ရာကျွမ်း ကျင်အဖွဲ့များ၊ MEVM ဆိုင်ရာနည်းပညာ အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံပြီး MEVM စက်များ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ခွဲဝေထားရှိမှုနှင့် ဘက်ထရီများ ဓာတ်အားကြွံခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မဲရုံအမှတ်(၀၁)၌ မဲရုံခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး တာချီလိတ်ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းများတွေ့ဆုံကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# (၈) ကြိမ်မြောက် H3 ဒုံးပျံလွှတ်တင် အောင်မြင်မှု မရရှိ




H3 ဒုံးပျံလွှတ်တင်မှုကို တွေ့ရစဉ်။

**တိုကျို ဒီဇင်ဘာ ၂၂**

ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ (ဂျေအေအိတ်စ်အေ) ၏ (၈) ကြိမ်မြောက် H3 ဒုံးပျံလွှတ်တင်မှုတွင် ဒုတိယအဆင့်အင်ဂျင်ပိုင်းဆိုင်ရာ ပြဿနာဖြစ်ပေါ်ခဲ့သည့်အတွက် အောင်မြင်မှုမရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဂျပန်ကိုယ်ပိုင် Global Positioning System–GPS (ဂြိုဟ်တုအခြေပြု တည်နေရာပြစနစ်) အတွက် မီချီဘီကီ–၅ ဂြိုဟ်တု သယ်ဆောင်သွားသော အဆိုပါဒုံးပျံကို နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုရှိ တာနီ ဂါရှီးမားအာကာသစင်တာမှ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီဝန်းကျင်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒုံးပျံ၏ ဒုတိယအဆင့်အင်ဂျင်မှာ စီစဉ်သတ်မှတ်ထားသည့်အချိန်ထက်စော၍ မီးလောင်ကျွမ်းမှုရပ်တန့်သွားခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါဂြိုဟ်တုကို သတ်မှတ်ထားသည့် ဂြိုဟ်တုပတ်လမ်းအတွင်းသို့ မပို့ဆောင်နိုင်ခြင်းဖြစ်ကြောင်း ဂျေအေအိတ်စ်အေက ပြောသည်။

၂၀၂၃ ခုနှစ် မတ်လတွင် H3 ဒုံးပျံလွှတ်တင်ရာတွင် ပထမအကြိမ် မအောင်မြင်မှု ကြုံတွေ့ခဲ့ပြီးနောက် ယခုအကြိမ်လွှတ်တင်မှုမှာ ဒုတိယအကြိမ်မြောက် မအောင်မြင်မှုနှင့် ကြုံတွေ့ခဲ့ရခြင်းလည်း ဖြစ်သည်။ (၈) ကြိမ်မြောက် H3 ဒုံးပျံလွှတ်တင်မှုကို မူလက ဒီဇင်ဘာ ၇ ရက်တွင် စီစဉ်ထားသည်။ သို့သော်လည်း ဒုံးပျံ၏ ပစ္စည်းကိရိယာများတွင် ချွတ်ယွင်းချက်တစ်ခု တွေ့ရှိပြီးနောက် ရွှေ့ဆိုင်းခဲ့သည်။

လွှတ်တင်မှုကို ဒီဇင်ဘာ ၁၇ ရက်သို့ ရွှေ့ဆိုင်းခဲ့သော်လည်း ဒုံးပျံလွှတ်တင်စင်တွင် ပြဿနာတစ်ခု တွေ့ရှိခဲ့သောကြောင့် နောက်ဆုံးမိနစ်အရောက်တွင် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



## မွန်ဂိုလီးယားနိုင်ငံ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့် နှင်းများဖုံးလွှမ်း

**အူလန်ဘာတာ ဒီဇင်ဘာ ၂၂**

မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၈၀ ရာခိုင်နှုန်းခန့်မှာ ယခုအခါ နှင်းများဖုံးလွှမ်းနေကြောင်း အမျိုးသားမိုးလေဝသနှင့် ပတ်ဝန်းကျင်စောင့်ကြည့်ရေးအေဂျင်စီက ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

မွန်ဂိုလီးယားနိုင်ငံ၏ စုစုပေါင်း နယ်မြေ ၇၉ ရာခိုင်နှုန်းထက်မနည်းမှာ ဒီဇင်ဘာ ၂၀ ရက်အထိ နှင်းအထူ ၂၀ စင်တီမီတာအထိရှိသည့် နှင်းများဖုံးလွှမ်းနေပြီး ယခုနှစ်ဆောင်းရာသီ၌ ပြင်းထန်သည့် ဆောင်းရာသီရာသီဥတု 'dzud' ဘေးအန္တရာယ် ကြုံတွေ့နိုင်မှုအခြေအနေတိုးလာကြောင်း မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

'Dzud' သည် မွန်ဂိုလီးယားနိုင်ငံ၏ အလွန်အေးခဲသည့်ဆောင်းရာသီဥတုတစ်ခုကိုဖော်ပြသည့် ဝေါဟာရအသုံးအနှုန်းတစ်ခုဖြစ်ပြီး မြေပြင်၌အေးခဲခြင်း သို့မဟုတ် နှင်းများဖုံးလွှမ်းနေခြင်းတို့ ဖြစ်ပေါ်ခြင်းကြောင့် များပြားသည့်တိရစ္ဆာန်အရေအတွက်များ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် ရှည်လျားပြီး အလွန်အေးသည့် ဆောင်းဥတုနှင့် တိုတောင်းသော နွေရာသီများဖြင့် ပြင်းထန်သည့် ကုန်းပိုင်းရာသီဥတုကြောင့် လူသိများကြောင်း သိရသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ မုန်တိုင်းဒဏ်သင့် မိသားစုများအတွက် အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ပေးသွားမည်

**ကိုလံဘို ဒီဇင်ဘာ ၂၂**

သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဒီဝါကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သောမိသားစုများအတွက် အိမ်ရာ အဆောက်အအုံများ ဆောက်လုပ်မည့်အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရဝန်ကြီးတစ်ဦးက ဒီဇင်ဘာ ၂၂ ရက်တွင် ပြော သည်။

အိမ်ရာ၊ ဆောက်လုပ်ရေးနှင့် ရေပေးဝေရေးဝန်ကြီး ဆူဆေးလ်ရာနာဆင်းဂီက မုန်တိုင်းကြောင့် နေအိမ်ပေါင်း ၆၀၀၀ ကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း ပြောသည်။ ထို့ပြင် နေအိမ် ၁၀၀၀၀၀ ခန့်မှာလည်း တစ်စိတ်တစ်ပိုင်း ပျက်စီးမှုဖြစ်ပွားခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

နေအိမ်များ တိုက်ရိုက်ထိခိုက်ပျက်စီးမှု မဖြစ်ပွားသည့်တိုင် အချို့နေရာဒေသများတွင် ဘေးကင်းလုံခြုံမှု မရှိသေးကြောင်းနှင့် နေထိုင်ရန် မသင့်သေးကြောင်း ဆူဆေးလ်ရာနာဆင်းဂီက ပြောသည်။ သမ္မတရုံးက လိုအပ်သောရန်ပုံငွေများကို ထောက်ပံ့ပေးလျက်ရှိသည်ဟု ဆိုသည်။

သီရိလင်္ကာ အစိုးရသည် မုန်တိုင်းဒဏ်သင့် မိသားစုများ၏ လူနေမှုဘဝကို အချိန်တိုအတွင်း ပြန်လည် ထူထောင်နိုင်ရန်နှင့် အနာဂတ် ဘေးအန္တရာယ်များ လျော့ပါးစေရန်အတွက် အန္တရာယ်များသောဒေသများတွင် နေထိုင်သူများကို ပိုမိုဘေးကင်းလုံခြုံမှုရှိသော ဒေသများသို့ပြန်လည်နေရာချထားပေးရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## အာဖဂန်နစ္စတန်၌ ကျောင်းပေါင်း ၁၂၀၀ ကျော် ပြန်လည်တည်ဆောက်

**ကဘူးလ် ဒီဇင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံပညာရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်ကိုးလကျော်အတွင်း နိုင်ငံတစ်ဝန်း စာသင်ကျောင်းနှင့် ဘာသာရေးကျမ်းစာသင်ကျောင်း ၁၂၀၈ ကျောင်းကို တည်ဆောက်ခြင်း သို့မဟုတ် မွမ်းမံပြင်ဆင်ခြင်းပြုလုပ်ခဲ့ကြောင်း ဝန်ကြီးဌာနက ဒီဇင်ဘာ ၂၁ ရက် နှောင်းပိုင်းက ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၁၉ ခုတွင် ကျမ်းစာသင်ကျောင်းနှင့် စာသင်ကျောင်းသစ် စုစုပေါင်း ၂၃၈ ကျောင်းကို ဝန်ကြီးဌာန၏ ဘတ်ဂျက်၊ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များ၏ ငွေကြေးအကူအညီဖြင့် အာဖဂန် နီ ၂ ဒသမ ၅ ဘီလီယံခန့်(အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၇၆ သန်းခန့်) အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မန်ဆော် အာမက် ဟမ်ဇာက ပြောကြားသည်။

အလားတူ အဆိုပါကာလအတွင်း ပြည်နယ် ၃၁ ခု၌ အာဖဂန် နီ ၁ ဒသမ ၂၇ ဘီလီယံတန်ဖိုးရှိ ရှိပြီးသားကျောင်းများနှင့် ကျမ်းစာသင်ကျောင်း ၉၇၀ ကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## ဆိုမာလီယာ၌ မိုးခေါင်ရေရှားမှု ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိ



**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၂၂**

ဆိုမာလီယာတွင် မိုးခေါင်ရေရှားအရေးပေါ်အခြေအနေ သိသိသာသာ ဆိုးရွားလာကြောင်း၊ နိုင်ငံတစ်ဝန်းပြည်သူ ၄ ဒသမ ၆ သန်း ကာလရှည်ကြာခြောက်သွေ့မှုဒဏ်ကိုခံစားခဲ့ရကြောင်း ကုလသမဂ္ဂဒုက္ခသည် ကယ်ဆယ်ရေးအေဂျင်စီမှ အာဏာပိုင်များက ဒီဇင်ဘာ ၂၂ရက်တွင်ခန့်မှန်းခဲ့သည်။

မိုးရာသီနှစ်ရာသီတွင် မိုးလုံလုံလောက်လောက်မရရှိခြင်းနှင့် ကူညီထောက်ပံ့ရန် ရန်ပုံငွေပြတ်လပ်ခြင်းတို့ကြောင့် မိုးခေါင်ရေရှား အရေးပေါ်အခြေအနေဖြစ်ပေါ်လာခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခြင်းက ရှိရင်းစွဲဆိုးရွားနေသော လူသားချင်းစာနာထောက်ထားမှုအခြေအနေများကို ပိုမိုဆိုးစေကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ပြောသည်။

ကျေးလက်ဘဝပျက်စီးမှုကို အရေးပေါ်အကူအညီပေးနိုင်ရန်၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လူမှုဘဝကိုအကူအညီပေးရန်၊ အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးမှုကို ကာကွယ်ပေးရန် ဆိုမာလီအာဏာပိုင်များကတောင်းဆိုထားသည်ဟု ဆိုမာလီနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးတွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၆ ခုနှစ် ဧပြီလအထိ မိုးရွာမည့်အခြေအနေမရှိသောကြောင့် လာမည့်လေးလတာကာလအတွင်း အာဏာပိုင်များက တိကျပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခုပေးမည်ဖြစ်သည်။ စားနပ်ရိက္ခာမလုံလောက်မှုသည် ဆိုမာလီနိုင်ငံတစ်ဝန်း၌ အခြေအနေဆိုးရွားစွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ **ဆင်ဟွာ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်း ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံ



**ညောင်တုန်း ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးတင်ဆွေဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတွက် မဲရုံနေရာအဖြစ် သတ်မှတ်ထားရှိသည့် အဆောက်အအုံ၊ မဲပေးစက် သယ်ယူပို့ဆောင်ရေးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ညောင်တုန်းမြို့ အမှတ်(၆)ရပ်ကွက်ရှိ မဲရုံအဖြစ်ဆောင်ရွက်မည့် ဈေးဦးကျွန်း အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မဲရုံအခြေအနေနှင့် မဲရုံအတွင်း ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မဲရုံအတွင်း ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များ လွယ်ကူလျင်မြန်စေရေးအတွက် မဲဆန္ဒနယ်အလိုက် မဲပေးစက်ထားရှိမှုများကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေပိတောက်ငါးဈေးကြီးမှ တစ်ရက်လျှင် ရေချိုထွက်ကုန် ပိဿာချိန် သုံးသိန်းခန့် ကုန်စည်စီးဆင်း



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်မြို့ရှိ မြို့နယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရေထွက်ကုန်များ အဓိကဖြန့်ဖြူးတင်ပို့ရာ ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက် ငါးဈေးကြီးမှ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ရေချိုထွက်ကုန်ပိဿာချိန် သုံးသိန်းခန့် ကုန်စည်စီးဆင်းလျက်ရှိကြောင်းရွှေပိတောက်ဈေးသာယာရေးအဖွဲ့မှ သိရသည်။

**ကုန်စည်စီးဆင်းလျက်ရှိ**

ရန်ကုန်တိုင်း ဒေသကြီးရှိ လူဦးရေ ခုနစ်သန်းခန့် ရေချိုထွက်ကုန် စားသုံးနိုင်ရန်နှင့် ကျန်သောဒေသများမှ ပြည်သူများ စားသုံးနိုင်ရန် နေ့စဉ်ရွှေပိတောက် ငါးဈေးကြီးနှင့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးတို့မှ ရေထွက်ကုန်များကို ဖြန့်ဖြူးပေးလျက်ရှိရာ ယခုဆောင်းရာသီ၌ ရွှေပိတောက် ငါးဈေးကြီးမှ တစ်ရက်လျှင် ရေချိုထွက်ကုန် ပိဿာချိန် သုံးသိန်းခန့်နှင့်အတူ ရေငန်ထွက်ကုန် ပိဿာချိန် တစ်သိန်းခွဲအထိ ကုန်စည်စီးဆင်းလျက်ရှိသည်။

"ပြီးခဲ့တဲ့လတွေမှာ ရေချိုကုန်အဝင် နည်းခဲ့ပေမယ့် နိုဝင်ဘာလဆန်းကစပြီး ကုန်အဝင်မှန်လာတယ်။ ဒီလဆိုရင် တစ်ရက်ကို ကုန်ချိန် နှစ်သိန်းခွဲ၊ သုံးသိန်းနီးပါး ပြန်ဝင်နေပါပြီ။ သူ့ရာသီဖြစ်တဲ့အတွက် ငါးမွေးကန်တွေက ငါးဖော်လာကြတယ်။ ဧပြီလအထိ ပုံမှန် ငါးအဝင်ကောင်းနေမှာပါ။ ရန်ကုန်အပြင် ပုသိမ်၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း၊ မုံရွာ၊ ကလေး၊ မော်လမြိုင်နဲ့ မြဝတီအထိ ရေထွက်ကုန်တွေ စီးဆင်းနေပါတယ်။ မိုးရာသီထက်စာရင် ကုန်ပစ္စည်း ပုံမှန်ဝင်လာတဲ့အတွက် ဈေးနှုန်းနည်းနည်း အေးသွားပေမယ့် အရောင်းအဝယ်ကောင်းလာပါပြီ။ ကုန်ဝင်များရင်သာ အကြွေးစနစ်နဲ့ တင်ပို့ပေးရတဲ့ အခက်အခဲတော့ရှိတယ်။ အထူးသဖြင့် ကုမ္ပဏီတွေပါ။ ပြည်တွင်းမှာ ပုံမှန်စားသုံးမှုရှိနေတဲ့ ဈေးကွက်ထက် ငါးမြစ်ချင်းများများစားသုံးတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ငါးမြစ်ချင်းဈေးကွက် တစ်ခုပွင့်သွားမယ်ဆိုရင် မွေးမြူရေးငါးဈေးကွက် ဦးမော့လာပြီး စီးပွားရေးပိုပြီး အဆင်ပြေလာမယ်လို့ မြင်တယ်။ ကုန်ကြမ်းက နိုင်ငံထဲမှာ အဆင်သင့်ရှိနေပြီးသားပါ"ဟု ရွှေပိတောက် ငါးဈေးသာယာရေးအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်နိုင်က ပြောသည်။

**အဓိကတင်ပို့လျက်ရှိ**

ဧရာဝတီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ငါးမြစ်ချင်းများကို ရန်ကုန်မြို့ရှိ ငါးဈေးကြီးနှစ်ခုအပြင် ဘင်္ဂလားဒေ့ရှ်၊ ဒူဘိုင်း၊ ဆော်ဒီအာရေဗျ၊ ကာတာနိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝယ်လက်များမှတစ်ဆင့် အခြားနိုင်ငံများသို့ ပြုပြင်ထုပ်ပိုး၍ တင်ပို့လျက်ရှိကြောင်း ရေချို/ရေငန် လုပ်ငန်းရှင်များထံမှ သိရသည်။

ရွှေပိတောက် ငါးဈေးသို့ မွေးမြူရေးငါးများ ဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးမုန့်၊ တီလားဗီးယားငါးများနှင့် သဘာဝရေပြင် မြစ်၊ ချောင်းများမှ ငါးကျည်း၊ ငါးခူ၊ ငါးပြေမ၊ ငါးရံ့၊ ငါးမြွေထိုး၊ ငါးသံချိတ်အပါအဝင် ရေချိုထွက်ကုန် အမယ် ၃၀ နှင့် ရေငန်ထွက်ကုန်အမယ် ၁၅ မျိုး ဝင်ရောက်လျက် ရှိကြောင်း၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသို့ ရေချိုထွက်ကုန်အချို့နှင့် စံပြငါးဈေးဆိပ်ကမ်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ရေငန်ထွက်ကုန်မျိုးစုံ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**နေ့စဉ်ဖွင့်လှစ်**

ရန်ကုန်မြို့ပြ၏ ရေထွက်ကုန်စားသုံးမှု လိုအပ်ချက်ကို နေ့စဉ်ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံ၏ ရေထွက်ကုန်စီးဆင်းမှုတွင် အဓိကအခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိသည့် ရွှေပိတောက် ငါးဈေးကြီးအား နံနက် ၃ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ဖွင့်လှစ်လျက်ရှိကာ ဈေးရုံပေါင်းခုနစ်ရုံ၊ ဆိုင်ခန်းပေါင်း ၄၄၄ ခန်း၊ ပျံကျဆိုင်ခန်းပေါင်း ၉၀ ကျော်ဖြင့် နေ့စဉ်ရေထွက်ကုန် ဝယ်ယူသူ၊ ဖြန့်ဖြူးသူ၊ ကုန်တင်ယာဉ်၊ ငါးသယ်ရေယာဉ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ဖွဲမာန် ၊ သစ္စာ(MNA)**

# မြန်မာ - တရုတ်သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ကဗျာနှလုံးသားတူယှဉ်သွား တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲ ပြုလုပ်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာနတို့ ပူးပေါင်းပြီး မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ကဗျာနှလုံးသား တူယှဉ်သွား တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန် Studio –A ၌ ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ တရုတ်နိုင်ငံ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Ms.Zhengkui ဦးဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးတို့သည် ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ အသီးသီး ရောက်ရှိကြသည်။



တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲတွင် မြန်မာကဗျာ နှစ်ပုဒ်၊ တရုတ်ကဗျာ နှစ်ပုဒ်၊ တရုတ်-မြန်မာ နှစ်ဘာသာဖြင့် ရေးစပ်ထားသည့် ရွတ်ဆိုမည့် ဂန္ထဝင် ကဗျာတစ်ပုဒ်တို့ ပါဝင်မည်ဖြစ်ပြီး ကဗျာရွတ်ဆိုပွဲမှတစ်ဆင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများ၏ ယဉ်ကျေးမှုများ အပြန်အလှန် ဖလှယ်နိုင်မည် ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံနှင့်ရုပ်မြင်သံကြားဌာန(GXRTV) တို့သည် ၂၀၁၇ ခုနှစ်မှ စတင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရုတ်ရုပ်သံစီးရီးနှင့် တရုတ်ကာတွန်းကားများအား မြန်မာဘာသာပြန်ဆို ပြသလျက်ရှိသကဲ့သို့ နှစ်ဖက်ပူးပေါင်းထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိရာ (GXRTV) မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင်လည်း မုတ္တမပင်လယ်ကွေ့တွင် ကျက်စားသည့် ငှက်မျိုးရင်း လေ့လာရေး အစီအစဉ်အား ပူးတွဲရိုက်ကူး ထုတ်လုပ်သွားမည် ဖြစ်ရာ အဆိုပါ ရုပ်သံမှတ်တမ်းအစီအစဉ်နှစ်ခုအား နှစ်ဖက်ရုပ်သံများတွင် ထုတ်လွှင့်ပြသရေး သဘောတူညီချက် မူဘောင်ကိုလည်း လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာန(GXRTV)မှ ရိုက်ကူးရေး အဖွဲ့ဝင် ကိုးဦးတို့သည် "မဲခေါင်-လန်ချန်း" ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နောက်ဆုံးအောင်မြင်မှု အခြေအနေများ မှတ်တမ်းရုပ်သံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၂၁ ရက်အထိ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ရိုက်ကူးရေး ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ITPEC Exam အောင်လက်မှတ် ချီးမြှင့်ပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အောက်တိုဘာ ၂၆ ရက်က ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ်ချီးမြှင့် ပေးအပ်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် လှိုင်မြို့နယ်ရှိ MICT Park, Conference Hall ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်မည့် အောင်မြင်သူများသည် DOCS.GOOGLE.COM Link မှ ဝင်ရောက်ပြီး စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာရင်းပေးသွင်းထားခြင်း မရှိသူများအား ထိုအခမ်းအနားတွင် အောင်လက်မှတ်ပေးအပ်မည် မဟုတ်ဘဲ သီးသန့်ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

အောင်လက်မှတ် တက်ရောက်မယူဖြစ်သူများသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှစတင်ပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရုံးခန်း MICT Park (သို့မဟုတ်) သက်ဆိုင်ရာသင်တန်းကျောင်းများတွင် သွားရောက်ထုတ်ယူနိုင်သည်။

ပြည်နယ်/ တိုင်းဒေသကြီးများမှ အောင်မြင်သူများက သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီးရှိ ကွန်ပျူတာပညာရှင် အသင်းရုံးများသို့ ဆက်သွယ်၍ အောင်လက်မှတ်များ ထုတ်ယူနိုင်သည်။ **မျိုးမင်းသူရ**

ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ပြဒါးပုလင်း ငါးပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ် မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၄၈၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၅၉၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ပတ္တမြားရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၇၆၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၆၈၁၉၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ရက်တို့တွင် ဒိုက်ဦးမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၀၇၁ တန်၊ အခြားသစ် ၂ ဒသမ ၂၇၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၁၆၃၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် လှိုင်မြို့နယ် ချောင်းဝဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်နှစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၂၅၉၈၄၉)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိရေယာဉ် နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၈၂၅၉၈၄၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၇၂၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၃၂၅၀၀၂၄) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လျှပ်စစ်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၅၇၆၈၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၃၈၇၉၇၀၄)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၄၄၅၃၀၈၅ ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် စစ်ကိုင်းမြို့နယ် ပတ္တမြားရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၄၈၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ခြောက်လက်မ မုံအိုး နှစ်လုံးနှင့် ဆက်စပ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၄၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းအပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဒက္ခိဏသီရိမြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဘားအံမြို့နယ် အမှတ်(၉) ရပ်ကွက် အိမ်အမှတ်(၉/၉၀၃)အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး၊ လျှပ်စစ်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၅၂၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျိုက်ထိုမြို့နယ် ကော့စံနိုင်ရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၇၈၀၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ၌ မော်တော်ယာဉ် ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃၇ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၄၄၀၂၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ဒုံသမိတံတားဂိတ်၌ မော်တော်ယာဉ်လေးစီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၆၈၀၀၀) ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်းအနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၁၉၈၈၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Townace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၁၈၆၈၉၂) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၆၈၆၈၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ်၂၃၁၄၂၀၃၀၉၂ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

အမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နေ ချမ်းမြေ့အောင်(ခ) ချမ်းပြည့်အောင်က လူမှုကွန်ရက်၊ Facebook စာမျက်နှာမှတစ်ဆင့် ရှမ်းပြည်နယ် ဟိုပုံးမြို့နေ အမျိုးသမီးတစ်ဦးကို မိုင်းလားမြို့တွင် တရုတ်ဇနီးမယား ပြုလုပ်ရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆိုရမည်၊ တစ်လလျှင် ငွေကျပ်သိန်း ၂၀/၃၀ ခန့်ရမည်ဟု စည်းရုံးပြောဆို၍ ရှမ်းပြည်နယ် တာချီလိတ်မြို့နေ သုခစံအထွေထွေအကျိုးဆောင်လုပ်ငန်း ဖွင့်လှစ်ထားသည့် မအိသန္တာကျော်နှင့် သန်းထွဋ်တို့ထံ ပို့ဆောင်ပေးခဲ့ကြောင်း၊ မအိသန္တာကျော်နှင့် သန်းထွဋ်တို့က ယင်းအမျိုးသမီး အပါအဝင် အဆိုပါအကျိုးဆောင်လုပ်ငန်းသို့ အလုပ်လာရောက်လျှောက်ထားသည့် အမျိုးသမီးလေးဦးတို့ကို မိုင်းလားမြို့တွင် တရုတ်ဇနီးမယားပြုလုပ်ပါက တစ်လလျှင် ယွမ် ၅၀၀၀ ရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆိုရမည်ဟု ပြောဆိုစည်းရုံးကာ ကာလသားရောဂါပိုး ရှိ/ မရှိ သွေးစစ်ဆေးပေးပြီး အလှဓာတ်ပုံများ ရိုက်ယူခဲ့ကြောင်း သိရသည်။

ထို့နောက် မိုင်းလားမြို့နေ ကိုအောင်ထံ ပို့ဆောင်ရောင်းစားရန် တာချီလိတ်မြို့မှ မိုင်းလားမြို့သို့ ခရီးသည်တင်မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ကျိုင်းတုံမြို့ နောင်နွန်း ပူးပေါင်းစစ်ဆေးရေးစခန်းကို ကွင်းရှောင်သည့် ယန်းလူလမ်းခွဲ၌ ဖမ်းဆီးရမိသဖြင့် အမှတ်(၁၈) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)က တရားလို ပြုလုပ်တိုင်တန်းခဲ့သည်။

ကျိုင်းတုံမြို့မ ရဲစခန်း (ပ)၂၉/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ကျိုင်းတုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အိသန္တာကျော်နှင့် သန်းထွဋ်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ တိမ်းရှောင်တရားခံ ချမ်းမြေ့အောင် (ခ) ချမ်းပြည့်အောင်နှင့် ကိုအောင်တို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ “ဒို့အတူတူမဲပေးကြမယ်” ရွေးကောက်ပွဲလှုံ့ဆော်မှု လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂၀ ရက်က ကန့်ဘလူမြို့မဈေးနှင့် တပင်ရွှေထီးလမ်းမတွင် ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဖြန့်ဝေစဉ်။
အောင်ဝင်းငြိမ်း (ကန့်ဘလူ)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ကြေညာချက်

(၂၂-၁၂-၂၀၂၅)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အစီရင်ခံစာအရ ၂၀၂၅ ခုနှစ် ဆောင်းရာသီဖြစ်သည့် စက်တင်ဘာလမှစတင်၍ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်သော်လည်းကောင်း၊ အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသများတွင် သော်လည်းကောင်း မြင့်တက်လျက်ရှိကြောင်း၊ သို့ရာတွင် နှစ်စဉ်ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများထက် ပိုမို၍ ကူးစက်ဖြစ်ပွားခြင်း မရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ဒေသအသီးသီး၌ Influenza A (H3N2) ရာသီတုပ်ကွေးရောဂါပိုးသည် အဓိကကူးစက်ဖြစ်ပွားသည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ပြီး Influenza A (H3N2) Subclade K ရောဂါပိုး ကူးစက်မှုအားလည်း လွန်ခဲ့သော (၆)လအတွင်း ကမ္ဘာ့နိုင်ငံ (၃၄) နိုင်ငံတွင် တွေ့ရှိခဲ့ကြောင်း၊ ၎င်းရောဂါပိုးများအား လက်ရှိထိုးနှံနေသည့် တုပ်ကွေးရောဂါ ကာကွယ်ဆေးများဖြင့်လည်း ကာကွယ်၍ရနိုင်ကြောင်းနှင့် ပြင်းထန်ရောဂါဖြစ်ပွားလာပါက လက်ရှိအသုံးပြုနေသော ဆေးဝါးများဖြင့် ကုသမှုပေးနိုင်ကြောင်း ဖော်ပြထားရှိပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် တုပ်ကွေးရောဂါ အပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ဖြစ်ပွားမှုအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ ထိုသို့ ရောဂါစောင့်ကြပ်ကြည့်ရှုမှုသတင်းအချက်အလက်များအရ Influenza A H3N2 အမျိုးအစား ရာသီတုပ်ကွေးရောဂါပိုးသည် ယခင်နှစ်များကပင် မြန်မာနိုင်ငံ၌ကူးစက်ဖြစ်ပွားခဲ့ပြီး ယခုနှစ် စက်တင်ဘာလမှ စတင်၍လည်း အဓိကကူးစက်ဖြစ်ပွားသည့် ရာသီတုပ်ကွေးရောဂါပိုး အမျိုးအစားဖြစ်ကြောင်းနှင့် Influenza A (H3N2) Subclade K ရောဂါပိုးကိုမူ ဓာတ်ခွဲစစ်ဆေးမှုများအရ မြန်မာနိုင်ငံတွင် မတွေ့ရှိသေးသော်လည်း လူထုအတွင်း Influenza A (H3N2) ရောဂါပိုးကို ကာကွယ်နိုင်မည့် ကိုယ်ခံစွမ်းအား အသင့်အတင့်ရှိနေမည်ဖြစ်ခြင်း၊ လက်ရှိအသုံးပြုနေသည့် တုပ်ကွေးရောဂါကာကွယ်ဆေးများနှင့် ကုသသည့် ဆေးဝါးများဖြင့်လည်း ကာကွယ်ကုသနိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ရန်မလိုကြောင်း သုံးသပ်ပါသည်။

၃။ ရာသီတုပ်ကွေးရောဂါပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံအားစနစ် ကျဆင်းနေသူများ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါနှင့် အာရုံကြောရောဂါကဲ့သို့သော နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်များတွင် ရောဂါကူးစက်ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်နိုင်ခြေရှိပါသည်။ ရာသီတုပ်ကွေးရောဂါပိုးသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှ ထွက်ရှိသည့် အစက်အမှုန်များမှတစ်ဆင့် ကူးစက်ခြင်း (Droplet transmission)၊ ရောဂါကူးစက်ခံစားနေရသူနှင့် ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်း အစရှိသော အနီးကပ်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသည့် အရာဝတ္ထု အသုံးအဆောင်ပစ္စည်းများနှင့် မျက်နှာပြင်များမှတစ်ဆင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့အား ထိတွေ့ခြင်းတို့မှ ကူးစက်နိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုး ကဲ့သို့သော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်မခံရစေရေး အောက်ဖော်ပြပါ ရောဂါကာကွယ်နိုင်သည့် နည်းလမ်းများအား လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည် -

(က) ဆပ်ပြာ၊ ရေ သို့မဟုတ် ရေမလို လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးခြင်း၊

( ခ ) ရောဂါပိုးကူးစက်ခြင်းခံရသူ သို့မဟုတ် သံသယလူနာများနှင့် ခပ်ခွာခွာနေခြင်း၊

( ဂ ) ဖျားနာခြင်းအစရှိသော သံသယလက္ခဏာရှိသူများအနေဖြင့် နှာချေချောင်းဆိုးခြင်း ခံစားနေရပါက ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၂၂-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၄-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီ ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူတွေကို မက်လုံးများစွာနဲ့ မြူဆွယ်လာသော ဘဝပျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ”** ခေါင်းစဉ်ဖြင့် ၂၄-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။ လာမည့် အပတ် ၃၁-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်ဖျက်တွေမျှော်လင့်သလို ဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## ရွှေကျင်မြို့နယ်၌ မကူးစက်တတ်သောရောဂါများ ရှာဖွေစစ်ဆေးကုသမှု ပြုလုပ်

**ရွှေကျင် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက် (၄၀)နှစ်အထက် ပြည်သူများနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို ယနေ့တွင် ကွင်းဆင်းပြုလုပ်သည်။



အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်သူ၏ ညွှန်ကြားမှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ရွှေကျင်မြို့ ညောင်ပိုင်းရပ်ကွက် တောင်ပိုင်ကျောင်း၌ စုရပ်ပြုလုပ်၍ အသက် (၄၀) နှင့်အထက်ပြည်သူများနှင့် သက်ကြီးဘိုးဘွား ၇၃ ဦးအား ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်း၊ ဆီးချိုတိုင်းခြင်း၊ နှလုံးသွေးကြော ရောဂါဖြစ်နိုင်ခြေ ရှိ/ မရှိ တွက်ချက်ပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူ၊ အနေအထိုင်၊ အစားအသောက်များ စားသောက်တတ်စေရန် ကျန်းမာရေးပညာပေး ပိုစတာများအသုံးပြု၍ ကျန်းမာရေး အသိပညာမြှင့်တင်ခြင်း၊ သင့်တင့် လျောက်ပတ်သော ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ သရုပ်ပြသင်ကြားပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခရိုင်အဆင့် အသိပညာပေးသင်တန်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၂**

ဘားအံမြို့နယ်၌ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ “အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခရိုင်အဆင့် သင်တန်း ၂/၂၀၂၅” ကို ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်က ဖွင့်လှစ်ခဲ့သည်။




သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာနည်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရေဝပ်ဒေသများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အခြေခံသဘောတရားနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးအကြောင်း၊ ခရိုင်သစ်တောဦးစီးဌာနမှ သစ်တောသစ်ပင်များ ထိန်းသိမ်းရေးနှင့် တောမီးကာကွယ်ရေးအကြောင်း၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်အကြောင်း ဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ရာ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးခြင်းဆိုင်ရာ အသိပညာပေးဆောင်ရွက်

**ဇီးကုန်း ဒီဇင်ဘာ ၂၂**

ဇီးကုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင် ပြည်သူများ မဲပေးခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက ရုံးတွင်းနံရံကပ် ပြဘုတ်နှင့် မြေစိုက်နံရံကပ်ဘုတ် တို့တွင် ပြသ၍ အသိပညာပေး ဆောင်ရွက်သည်။



အဆိုပါလုပ်ငန်းကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းဆိုင်ရာ အသိပညာပေးများ၊ ဆန္ဒမဲပေးရာတွင် ဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးများကို အများပြည်သူသိရှိစေရန် ရည်ရွယ်၍ နံရံကပ်ပိုစတာများနှင့် ဒို့အတူ မဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များ ပြသပေးပြီး အသိပညာပေး နံရံကပ်ပိုစတာများကို ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများက ကြည့်ရှုခဲ့ကြသည်။ **တင့်ဆွေ(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်များ လက်တွေ့စမ်းသပ် စစ်ဆေးဆောင်ရွက်

**ပခုက္ကူ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက အီလက်ထရောနစ် မဲပေးစက်များ လက်တွေ့စမ်းသပ် စစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရောင(၁)ခန်းမ၌ ကျင်းပသည်။



ဦးစွာပခုက္ကူခရိုင်ရွေးကောက်ပွဲ အရာရှိ ဒေါ်ချိုခိုင်ဦးနှင့် ဝန်ထမ်းများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲပေးစက် တည်ဆောက်ပုံများ၊ စက်ပစ္စည်း ကောင်းမွန်မှုရှိ၊ မရှိ စစ်ဆေးနည်း၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေး စက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ် ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက် အား ပြန်လည်ထုပ်ပိုးသိမ်းဆည်း ပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း လမ်းညွှန်ချက်များကို စာတွေ့ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကယ်ရီမောင်**

## ချောင်းဦးမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်

**ချောင်းဦး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဒုတိယအကြိမ် မဲဆန္ဒရှင် စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ရာ တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ထပ်မံကပ်ထားကြေညာခြင်း မပြုမီ မဲစာရင်းများ မှန်ကန်စေရေးအတွက် စစ်ဆေးခြင်းကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာ



အုပ်စု ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပါတီ ကိုယ်စားလှယ်နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ စုပေါင်းပြီး တတိယ အကြိမ် မဲဆန္ဒရှင်စာရင်းမကြေညာမီ မဲစာရင်းမှန်ကန်စေရေး ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ဟားခါးမြို့၌ မဲစာရင်းများ မှန်ကန်စေရေးအတွက် အိမ်တိုင်ရာရောက် မြေပြင်ကွင်းဆင်းစစ်ဆေး



**ဟားခါး ဒီဇင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဒုတိယ အကြိမ် မဲစာရင်းကပ်ထားကြေညာပြီး မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေး သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်ပြည်သူများ မကျန်ရှိစေရေးအတွက် မဲစာရင်း များ အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃ ရက်က ဟားခါးမြို့ မြို့ပေါ်ရပ်ကွက် (၈) ရပ်ကွက်၌ ဆက်လက် ဆောင်ရွက်လျက် ရှိသည်။

အဆိုပါမဲစာရင်းများ မှန်ကန်စေရေးအတွက် အိမ်တိုင်ရာရောက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးအောင်နှင့် အဖွဲ့ဝင်များက ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နတ်မောက်မြို့၌ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နတ်မောက် ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းက ကြီးမှူးကျင်းပသည့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌက ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁) ဒေါ်ရီရီငြိမ်းက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အရေးကြီးသော ရောဂါပိုးသယ်ဆောင် ပိုးမွှားကောင်များ နှိမ်နင်းခြင်းလုပ်ငန်းတွင် အဓိကကျသည့် အဆောက် အအုံအတွင်း ကြာရှည်ခံခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ



အသုံးပြုသည့် ပိုးသတ်ဆေးဖျော်စပ်နည်း၊ ဆေးမှုတ်စက်များ နည်းစနစ် မှန်ကန်၍ ထိရောက်မှုရှိစေရန် စနစ်တကျအသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။ **လှဝင်း**



## တီးတိန်မြို့၌ ကြိုတင်မဲပေးခြင်းဆောင်ရွက်

**တီးတိန် ဒီဇင်ဘာ ၂၂**

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကြိုတင်မဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်က စတင်ဆောင်ရွက်ရာ နယ်မြေလုံခြုံရေးထမ်းဆောင်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ကြိုတင်မဲများပေးကြသည်။

ထိုသို့ ကြိုတင်မဲများ လာရောက်မဲပေးရာတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များက သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ဒိုက်ဦးမြို့နယ်၌ ၂၀၂၅ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်နိုင်ရေးအတွက် “ဒို့အတူမဲပေးကြမယ်” လက်ကမ်းစာစောင်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၂၂ ရက်တွင် မြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်သူ့ဆေးရုံရှိ အငြိမ်းစားဝန်ထမ်းများ ဆေးကုသဆောင်၌ ဖြန့်ဝေ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းသန့်၊ မြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဆမ်ကျော က် နှင့် တာဝန်ရှိသူများက မိုင်းယန်းမြို့နယ်၌ “ဒို့အတူတူမဲပေးကြမယ်” မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်ပန်းခြံ၌ ဖြန့်ဝေစဉ်။ ထွန်းထွန်းထူး



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း များ၊ ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက မုံရွာမြို့၌ “ဒို့အတူတူ မဲပေးကြမယ်” ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မော်တော် ယာဉ်များ စတစ်ကာ ကပ်ခြင်းတို့ကို ဒီဇင်ဘာ ၂၂ ရက်က မုံရွာမြို့ ကန်သာယာအနီး ဗိုလ်ချုပ်လမ်းမကြီး၌ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြောင်းမြမြို့နယ်၌ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

မြောင်းမြ ဒီဇင်ဘာ ၂၂

**ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာ လျှပ်စစ်ဓာတ်အားရရှိမှု ဖွင့်ပွဲအခမ်းအနားအား ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။**

အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြပြီး ဘင်ခရာအဖွဲ့နှင့် ဒုံးယိမ်းအဖွဲ့များက ညွှဲ့ခံကြိုဆိုကာ အဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ကံကြီးကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်အား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်သည် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ဆွေးနွေးသည်။

အဆိုပါ လျှပ်စစ်မီးရရှိမှုအခမ်းအနားအား (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့အားဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကံကြီးကျေးရွာအတွက် အိမ်ခြေ ၃၇၂ လုံး၊ အိမ်ထောင်စု ၃၈၅ စု နှင့် သုံးစွဲသူ ၂၂၂ ဦးအတွက် တပ်ဆင်တည်ဆောက်ပေးခဲ့သော ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ (၂၀၀ ကေဗွီအေ) အမျိုးအစားဖြစ်ကြောင်း သိရသည်။

အောင်ဖြိုး(ပြန်/ဆက်)



## အာဟာရနှင့်ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးဟောပြော

**ကျောင်းကုန်း ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် လူမှုဝန်ထမ်း ဦးစီးဌာနရုံး၌ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုက မိခင်လောင်းများ အာဟာရပြည့်ဝစွာ စားသုံးကြရန်လိုကြောင်း ပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်း ဦးစီးမှူး ဒေါ်သီတာဝင်းက လူ့ဘဝအစ ရက် ၁၀၀၀ အတွင်း အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ပြည့်မီ၍ ကလေးငယ်များ၏ ဦးနှောက်နှင့် ခန္ဓာကိုယ်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ငွေကြေးထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေး ဆရာမ ဒေါ်အေမီမိုးနှင့် ဝန်ထမ်းများ၊ လူမှုဝန်ထမ်း ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ဒိုက်ဦးမြို့နယ်၌ အသက် ၁၃ နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲ ကျင်းပ

**ဒိုက်ဦး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ဒီဇင်ဘာလူထုအားကစားလ အသက် ၁၃ နှစ်အောက် ဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ ပြိုင်ပွဲဝင် ၁၅၀ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲရက်များမှာ ငါးရက် ကြာမြင့်ဖြစ်ကြောင်းနှင့် ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ အသက် ၁၈ နှစ်နှင့် အထက်မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် 'ဒို့အတူတူ မဲပေးကြမယ်'အသိပညာပေးလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂၂ ရက်က အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမရှေ့ရှိပြည်ထောင်စုလမ်းမကြီးပေါ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မျိုးမျိုးအောင်နှင့်ဝန်ထမ်းများက ဖြန့်ဝေစဉ်။

ငြိမ်းချမ်းအောင်(ပြန်/ဆက်)

## ကော့သောင်းမြို့၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ခြင်းများဆောင်ရွက်

**ကော့သောင်း ဒီဇင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မဲစာရင်းများ ကြေညာခြင်းမပြုမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲ၊ ကော့သောင်းမြို့နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ဆောင်ရွက်ရာ၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မဲစာရင်း စိစစ်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ဆောင်ရွက်သည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများက တတိယကြိမ် မဲစာရင်းများ ကပ်ထားခြင်းမပြုမီ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မဲဆန္ဒရှင်စာရင်းများအား တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲစာရင်းတွင် ပါဝင်ခြင်းမရှိသည့် ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ၄(က) ဖြင့် လျှောက်ထားသူများ၏အချက်အလက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ eID Server ဖြင့် တိုက်ဆိုင်စိစစ်ခြင်း၊ မဲစာရင်းမထပ်၊ မကျန်စေရေးဆိုင်ရာ လုပ်ငန်းများနှင့် ကွဲလွဲချက်များ မရှိစေရေး လုပ်ငန်းများအား ပေါင်းစပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ခန္တီးမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံနေရာများအဖြစ် ပြုလုပ်မည့် အခြေခံပညာကျောင်းများ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ခန္တီးခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မျိုးဝင်းနှင့် အဖွဲ့ဝင်များသည် အ.ထ.က(ခွဲ)မြို့မ၊ မူကြိုကျောင်း၊ အ.ထ.က(ခန္တီး)၊ အ.မ.က(သာစည်) အခြေခံပညာကျောင်းလေးကျောင်းအား ဒီဇင်ဘာ ၂၂ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

ကမ်းကီး(ပြန်/ဆက်)

## ကျား၊ မ အခြေပြုအကြမ်းဖက်မှုဖြစ်ရပ်များအပေါ် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများ အသိပညာပေးဟောပြော

**ဆီဆိုင် ဒီဇင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



လူမှုဝန်ထမ်းဦးစီးဌာန ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးမှ ကျား၊ မ အခြေပြုအကြမ်းဖက်မှုဖြစ်ရပ်များအပေါ် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ယုဇနခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်အေးစန္ဒာလှိုင်က လူမှုဝန်ထမ်းဦးစီးဌာနမှ ကျား၊ မ အကြမ်းဖက်မှုဖြစ်ရပ်များအပေါ် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာအကြောင်းများကို ပရိုဂျက်တာဖြင့် အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိခ်) ၏ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိခ်)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် ဧရာဝတီတံတား (ရတနာသိခ်)ကိုလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RP5 တို့အကြားတွင် လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်း နေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရသည်။

ထို့ကြောင့် ခရီးသွားပြည်သူများ ပြန်လည်သွားလာနိုင်ရေး၊ ဒေသတွင်း ကုန်စည်စီးဆင်းမှု ပြန်လည်လည်ပတ်နိုင်ရေး တံတားပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရေးတို့အတွက် အဆိုပါတံတားနေရာတစ်ဝိုက်အား တပ်မတော် စစ်ကြောင်းများက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် အဆိုပါ ဧရာဝတီတံတား(ရတနာသိခ်)နှင့် ယင်းနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့်အတွက် ဧရာဝတီတံတား(ရတနာသိခ်)အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ တံတားပြန်လည်ပြုပြင်ပြီးစီးပါက ဒေသအတွင်း ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရပြီး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နောင်ချို ဒီဇင်ဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာန နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ဒေသတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလကုန်မှစ၍ လုပ်ငန်း(ယာယီ) ရပ်ဆိုင်းထားသော နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာနအနေဖြင့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကို ၂၀၂၅ခုနှစ် ဩဂုတ် ၂ ရက်က ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကာ ယခုအခါ သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် သုံးဆယ်တိုက်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၃၀၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာနနှင့်ဌာနခွဲ ၃၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။



နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအား ပြန်လည် အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် (၁၅) နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းစသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံ ကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ အသက် (၁၅) နှစ်အောက် ကလေးငယ် ၃၂၃၅၀ ကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၂**



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် OSS ရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တာဝန်ရှိသူများက တိုက်ဆိုင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တိုက်ဆိုင်စစ်ဆေးရာတွင် ဒုတိယအကြိမ် မဲစာရင်းကြေညာပြီးနောက် မဲစာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် ပုံစံ(၃)၊ ပုံစံ(၄)နှင့် ပုံစံ (၄-က) လျှောက်ထားသူများအား ၎င်းတို့လျှောက်ထားသည့် လျှောက်လွှာပါ အချက်အလက်များနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ server ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေခရိုင် ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပါတီကိုယ်စားလှယ်များက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၂၂၁**

❂ *ကျောဖုံးမှ*

အဆိုပါ ပွဲစဉ်တွင် ကွင်းလယ်တိုက်စစ်ကစားသမား မော်ဂန်ရော်ဂျာခြေစွမ်းပြသနိုင်ခဲ့ပြီး အက်စ်တွန်ဗီလာအသင်းရရှိသည့် နှစ်ဂိုးစလုံးသွင်းယူနိုင်ခဲ့သည်။ မန်ယူအသင်းအဓိက ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲချိန် ၄၆ မိနစ်တွင် မာတီနက်ဇ်ဖြင့် လူစားခဲ့ရသည်။

ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သောကြောင့် အက်စ်တွန်ဗီလာအသင်းသည် ဦးဆောင်သူ အာဆင်နယ်အသင်းနှင့် သုံးမှတ်အကွာသို့ ရောက်ရှိလာခဲ့သည်။ ထို့အပြင် အက်စ်တွန်ဗီလာအသင်းသည် ပြိုင်ပွဲစုံ ၁၀ ပွဲဆက်နိုင်ပွဲရရှိသည့် မှတ်တမ်းလည်း ပိုင်ဆိုင်ခဲ့သည်။ မန်ယူအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ် ရှုံးပွဲ ငါးပွဲ ရှိလာပြီ ဖြစ်သည်။

လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၇ ရက်တွင် မန်ယူအသင်းက နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် အက်စ်တွန်ဗီလာအသင်းက ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# ကလေးမြို့၌ ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကလေးမြို့၌ ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာဒီဇင်ဘာ ၁၇ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ (၁၆)ရှိ ဗန်လားရိုထန်းငါ(ခ)ထန်းသဲ(၂၈)နှစ်နှင့် မမန်းဟောက်ကိမ်(၃၁) နှစ်တို့၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၃၃၃၀၀၀ (တစ်တောင့်လျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၁၉၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး ALPRAZOLAM ဆေးပြား ၇၁၅၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀၇၃ ဒသမ ၂၅ သိန်း) တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဗန်လားရိုထန်းငါ (ခ) ထန်းသဲနှင့် မမန်းဟောက်ကိမ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဥပဒေအရ အရေးယူထား**

ထို့အတူ ဒီဇင်ဘာ ၂၀ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု စည်ကားကျေးရွာနှင့် ဝါးဘိုးရေကျေးရွာ ရွာချင်းဆက်လမ်းတွင် လမ်းလျှောက်လာသူ စိုင်းဆာအေး (ခ)ဒေါနု(၅၁)နှစ်၊ ဝါးဘိုးရေကျေးရွာ ပြင်ဦးလွင်မြို့နယ် နေသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၃၄ သိန်း) ဖမ်းဆီးရမိသဖြင့် စိုင်းဆာအေး(ခ)ဒေါနအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ ဗန်လားရိုထန်းငါ(ခ)ထန်းသဲနှင့် မမန်းဟောက်ကိမ်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၈)ရပ်ကွက်နေ ဒေါ်မြင့်မြင့်မော်(ခ) မော်လေး (၄၇)နှစ်သည် ၎င်းအသုံးပြုသည့် Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်မြင့်မော်(ခ)မော်လေးအား ဒီဇင်ဘာ ၁၉ ရက်တွင် မအူပင် မြို့မရဲစခန်း (ပ)၂၃၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနေ ဒေါ်နှင်းနုနုလှိုင်သည် ၎င်းအသုံးပြုသည့် “Nu Hlaing” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် နှင်းနုနုလှိုင်အား ဒီဇင်ဘာ ၁၈ ရက်တွင် ရပ်စောက်မြို့မရဲစခန်း (ပ)၁၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ဦးမြင့်ဝင်း (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် “Ko Myint Win” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ရေးသားလွှင့်တင်ခြင်း၊ ပြန်လည်မျှဝေခြင်းများ ပြုလုပ်ထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်ဝင်းအား ဒီဇင်ဘာ ၁၇ ရက်တွင် တောင်ကြီးနယ်မြေရဲစခန်း (ပ)၁၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

ထို့အပြင် ဒီဇင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်သင်းသင်းဖြူ(၃၄) နှစ်သည် ၎င်းအသုံးပြုသည့် “Phyu” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် သင်းသင်းဖြူအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်း (ပ)၇၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဆွာမြို့ အမှတ်(၅)ရပ်ကွက်နေ ဦးအောင်ဇော်မျိုးထက်(ခ) ဖိုးလပြည့်(ခ) ဖိုးထက်(၃၅)နှစ်သည် ၎င်းအသုံးပြုသည့် “Phoe Htet” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ထပ်ဆင့်ပြန်လည် မျှဝေထားကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ဇော်မျိုးထက်(ခ) ဖိုးလပြည့်(ခ) ဖိုးထက်အား ဒီဇင်ဘာ ၁၉ ရက်တွင် ဆွာနယ်မြေရဲစခန်း (ပ)၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ဇေယျာရပ်ကွက်နေ မမေသူကျော် (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “May Thu Kyaw” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မေသူကျော်အား ဒီဇင်ဘာ ၁၉ ရက်တွင် မုံရွာမြို့မရဲစခန်း (ပ)၂၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

ထို့အပြင် ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း ကမ္ဘောဇဘဏ်ရှေ့၌ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးမှ စုတ်ဖြဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား စုတ်ဖြဲဖျက်ဆီးသွားသူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၅) ရပ်ကွက်နေ ဝေလင်းနိုင်(ခ) ဝေလင်း (၂၅)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၇၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ အောင်ကျော်ဟိန်း (၃၁)နှစ်သည် ၎င်းအသုံးပြုသည့် “Aung Kyaw Hein” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ကျော်ဟိန်းအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟောင်လိတ်နယ်မြေရဲစခန်း (ပ)၂၁၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)နေ အာမတ်ခန့် (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် “တစ်ချိန်က မေမြို့သားကြီး (အကောင့်ကျအာမတ်” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အာမတ်ခန့်အား ဒီဇင်ဘာ ၁၇ ရက်တွင် ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၂၆၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

ထို့အပြင် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက် (၆) အေးသာယာ–စက်မှုဇုန်သွားလမ်းနှင့် စစ်ကိုင်းလမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးမှ ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်းဘုတ်အား အေးသာယာမြို့ ရပ်ကွက်(၉)နေ သီဟစိုး(ခ) အလီ (၃၅)နှစ်မှ ဖျက်ဆီးနေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးကာ ၎င်းအား ဒီဇင်ဘာ ၁၇ ရက်တွင် အေးသာယာနယ်မြေရဲစခန်း (ပ)၁၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်နေ စည်သူမင်း (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Si Thu Min” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် စည်သူမင်းအား ဒီဇင်ဘာ ၁၉ ရက်တွင် ပျဉ်းမနားမြို့မရဲစခန်း(ပ)၂၈၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်ဖမ်းဆီးခဲ့ပြီး တရားခံများအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မူးယစ်ဆန့်ကျင် အောင်ပွဲဝင်၊ ရှောင်လေဝေးဝေး မူးယစ်ဆေး**



မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွင် အသုံးပြုခဲ့သော အဆောက်အအုံများ ချိပ်ပိတ်သိမ်းဆည်းမှုကို တွေ့ရစဉ်။



မြဝတီမြို့အတွင်း တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနေထိုင်နိုင်ခြင်းမရှိစေရေး စစ်ဆေးရှင်းလင်းနေမှုကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံ ၄၈၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်




အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၈၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ နှစ်ထပ် အဆောက်အအုံ ၃၆ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၁၉ လုံးကို ထပ်မံရှာဖွေစစ်ဆေးနိုင်ခဲ့ကြောင်း၊ ထိုသို့ရှာဖွေစစ်ဆေးပြီးစီးသည့် အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါ တရားမဝင် အဆောက်အအုံအားလုံးကို ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK Park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြောင်းမြမြို့၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ပြင်ရွာကျေးရွာ၌ ဒီဇင်ဘာ ၂၁ ရက်က ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြောင်းမြမြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးနေဖြိုးမောင်နှင့် မြေစာရင်းဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ပြင်ရွာကျေးရွာအုပ်စု ကွင်းအမှတ်-၃၇၇၊ ပြင်ရွာကွင်းရှိ တောင်သူ ဦးအောင်ရွှေ၏ လယ်မြေ ၁၅ ဧက



တွင် စိုက်ပျိုးထားသည့် ဧရာဝတီပေါ်ဆန်းအား စံကွက်ရိတ်သိမ်းရာ စပါးတစ်ဧက အထွက်နှုန်း ၆၅ ဒသမ ၁၅ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**

## ပြည်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**ပြည် ဒီဇင်ဘာ ၂၂**

ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို ပြည်မြို့နယ်အတွင်း အခွန်ထမ်းပြည်သူများ သိရှိနိုင်စေရန် ရည်ရွယ်၍ ဒီဇင်ဘာ ၁၈ရက်က ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲပြုလုပ်သည်။



အဆိုပါ ဆွေးနွေးပွဲတွင် ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စောဥမ္မာက ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ အပါအဝင် အခွန်ထမ်းပြည်သူများ သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာ အကြောင်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅၃

ဒေါ်လှခင်(ခ)ဒေါ်ဝေဝေခိုင် နှင့် ဦးစောအောင် (၎င်း၏အထူးကိုယ်စားလှယ်စာရ ဦးရှုကွေး(ခ)ဦးရန်နိုင်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (လလ-၄၁)၊ ၅၇ လမ်း၊ မက္ခရာလမ်းနှင့် တပင်ရွှေထီးလမ်းကြားရပ်ကွက်နေ ဦးစောအောင် (ဘ) ဦးထွန်းရွှေ (၎င်း၏အထူးကိုယ်စားလှယ်စာရ ဦးရှုကွေး(ခ)ဦးရန်နိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးစောအောင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရှုကွေး (ခ) ဦးရန်နိုင်)သင့်အပေါ်၌ တရားလို ဒေါ်လှခင် (ခ) ဒေါ်ဝေဝေခိုင် က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (ဓေ-၂၅)၊ ဦးပိုင်အမှတ် (၅၅+၇၂)၊ ဧရိယာ(၀ဒသမ၁၂၄၀) ဧက အကျယ်အဝန်းရှိ ဦးစောအောင် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ အကွက်အမှတ် (၃၀)၊ ကံ့ကော်ကုန်းအကွက်၊ ဦးပိုင်အမှတ် (၅၆/၁ᶜ)၊ မြေဧရိယာ (၀ဒသမ ၀၀၄) ဧကနှင့် ဦးပိုင်အမှတ် (၅၇/၁ᵃ)၊ (၀ဒသမ၀၅၅)ဧက၊ စုစုပေါင်းဧရိယာ (၀ဒသမ ၀၅၉)ဧကရှိ မြေကွက်သည် ကျိုက်ထိုမြို့နယ် မြေစာရင်းဦးစီးဌာန၏ (၁-က) စာရင်းတွင် မူလပိုင်ရှင်ဖြစ်သူဦးသိန်းဟံ+ဒေါ်မြရွှေအမည်မှ ဦးမင်းမောင်မောင်စိုး အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက် မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်မတိုင်မီ ရက်ပေါင်း (၃၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ကျိုက်ထိုမြို့**

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းအုပ်စု၊ ရေဆင်းရွာ၊ နယ်မြေ (၂)ရှိ အရှေ့လားသော်- ဦးမောင်မောင်၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးမင်းကို၊ မြောက်လားသော်-လမ်း စသည့် အလားလေးရပ်အတွင်းရှိ အလျားအရှေ့မှ အနောက်(၇၉)ပေ၊ အနံ တောင်မှမြောက်(၆၆)ပေ ပတ်လည်ရှိ ဝိုင်းခြံမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းမြို့နေသူ ဒေါ်အေးဝင်းငွေ ၇/ ကတခ(နိုင်)၁၄၆၉၇၂၊ ဦးလှမိုးထွန်း ၉/ ပမန(နိုင်) ၁၇၈၈၂၄နှင့် ရန်ကုန်တိုင်းဒေသကြီးနေသူ ဒေါ်ခိုင်သီတာမိုး ၉/ပမန(နိုင်)၁၂၈၈၉၅ တို့(၃)ဦးမှ တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆိုရောင်းချလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမှ ဝယ်ယူရန် ကာလတန်ဖိုးရောင်းကြေးငွေများ၏ တစ်စိတ်တစ်ပိုင်းအား ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဦး(စဉ်-၁၆၅၄၀/၂၀၂၀) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄/၁၃၅၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၄၆၀၁, Yamaha Ray-110 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ထွန်း ၅/ကလထ(နိုင်)၂၇၁၃၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/2766, CHINO PROFIA FW/Lexf ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၅/ရဥန(နိုင်)၀၇၁၄၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၆၅၄၄၃, Jialing-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အွပ်ခန့်ဟွဲ ၅/ကလထ(နိုင်)၂၀၀၃၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/8730, SOJEN ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဖြိုး ၅/ကလထ(နိုင်)၁၉၈၂၃၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၁၂၀)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀'x ၆၀')ရှိ မြေကွက်ကြီးအနက်မှ (မြေကွက်အားမျက်နှာမူကြည့်လျှင်-ညာဘက်ခြမ်း) အကျယ်အဝန်း(၂၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဒေးဗစ်(ISN-၂၂၆၆၆၉)အမည်ဖြင့် မှတ်သားတည်ရှိပြီး အရောင်းအဝယ်အဆက်ဆက်စာချုပ်ဖြင့် အရှုပ်အရှင်းကင်းရှင်းပါကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်မော်မော်လွင် (၁၂/ဥကတ(နိုင်)၀၆၄၅၆၃) က ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉- ၄၂၀၀၅၈၅၅၃၊ ၀၉- ၇၉၈၄၆၆၉၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ ကွင်းအမှတ်(၆၆၄A/ရာမနီတောင်ကွင်း)၊ ဦးပိုင်အမှတ်(၁၉၀/၂၄၉)၊ ဦးမိုးသူရ အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမိုးသူရ (၇/ပခန(နိုင်)၁၇၃၃၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မင်းဟိန်း (၁/ဗမန(နိုင်)၀၇၂၁၄၅)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L,D.I.P.L) (စဉ်-၁၄၆၆၈)၊ ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B,D.I.P.L) (စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊သန်လျင်မြို့၊**
**ဖုန်း-၀၉- ၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် (၃၇၀)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၃၇၀)၊ နွယ်နီ (၉) လမ်း၊ (င) ရပ်ကွက်၊ ဦးသိန်းဝင်း ၁၂/မရက(နိုင်) ၀၃၁၃၆၁ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးသိန်းဝင်း (ဖခင်)သည် (၁-၁-၂၀၀၁)ရက်တွင်လည်းကောင်း၊ ဒေါ်လှသိန်း (မိခင်)သည် (၄-၂-၁၉၉၁)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်အေးသီတာ ၁၂/ဥကမ(နိုင်) ၁၇၆၉၃၅မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၄၈၀၈/၂-၆-၂၀၂၅ ၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဝင်စာအမှတ် ၁၃၂၅၂/၃-၁၂-၂၀၂၅ရက်စွဲဖြင့် မြေပြင်ရှိ (၁)ထပ်ပျဉ်ထောင် (၁)လုံးတွင် လျှောက်ထားသူကိုယ်တိုင်မနေ၊ အိမ်ငှားဖြစ်သူ ဦးသိန်းဟန် မိသားစုနေထိုင်ခြင်းနှင့်ပတ်သက်၍ မိမိမှတာဝန်ယူပါကြောင်းနှင့်ပြဿနာတစ်စုံ တစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိတို့ ပူးတွဲတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ အနော်မာ(အနောက်/၁၉)လမ်း၊ အမှတ် (၃၅)၊ (ပထမထပ်)(၂-လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝါဝါရွှေ (၁၂/သကတ(နိုင်)၁၀၅၄၄၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာထွန်း ၁၂/သကတ(နိုင်) ၀၂၂၅၂၇ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင်(LL.B) (စဉ်-၁၁၅၅၃)၊ ဒေါ်ခင်စောသိန်း(LL.B) (စဉ်-၁၃၂၈၆)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်သိမ့်သဉ္ဇာလီ(LL.B, LL.M) (စဉ်-၅၆၈၈၇) အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ လှေကြပ်ကုန်းအုပ်စု၊ အိုးဘိုကုန်းကျေးရွာနေ ဦးရန်လင်းအောင် - ဒေါ်တင်စန်း တို့၏သမီး မအေးသဲဝေ ၇/နတလ(နိုင်) ၁၇၂၂၀၁အား ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ-ဦးရန်လင်းအောင်-ဒေါ်တင်စန်း**

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲခြင်း ကိစ္စအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Makro Chemical Co., Ltd. မှမြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ကုန်သွယ်မှုအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| မူလကုန်သွယ်မှု အမည် | ကုန်သွယ်မှု အမည်အသစ် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| Hopper Star | ZaBu | Nitenpyram 15% + Pymetrozine 45% WG | Full | F 2023 - 2325 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ နှစ်ပတ် အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ လိပ်စာ - Golden Key Co., Ltd. အမှတ် ၂၅၈ - ၂၆၂, ၁၁လွှာ, CLASSIC STRAND CONDO, ကမ်းနားလမ်း, ပန်းဘဲတန်းမြို့နယ်, ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၇၁၆၂၉၊

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ပတ္တမြားလမ်း၊ အကွက်အမှတ် (၁၁/မြို့မတောင်ကွက်)၊ မြေကွက်အမှတ်(အေ/၆၁) ဟုခေါ်တွင်သော ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ် RPNO-၁၁၃/V/၁၉၉၉-၂၀၀၀ အရ ဒေါ်ယဉ်ယဉ်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးသက်အောင် (၁၂/ခရန(နိုင်)၀၀၁၇၃၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁)ဦးဝင်းနိုင် (၁၂/ သလန(နိုင်)၂၀၄၆၀၆) (၂) ဒေါ်အေးအေး (၁၂/သလန(နိုင်)၂၀၄၆၀၇) တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L,D.I.P.L) (စဉ်-၁၄၆၆၈)၊ ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B,D.I.P.L) (စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊သန်လျင်မြို့၊**
**ဖုန်း-၀၉- ၄၂၀၃၀၀၂၆၂**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ရွှေကူလေးကျေးရွာနေ ဦးတင်လှိုင် ၁/ရကန(နိုင်)၀၁၃၅၀၅ - ဒေါ်မိုးမိုးဝင်း ၁/ရကန(နိုင်)၀၁၃၆၇၃ တို့၏သား မောင်ဖြိုးဖြိုးအား မောင်ဖြိုးလျှံခ ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဦးဘိုးခင် ၁၁/ရဗန(နိုင်)၀၂၉၈၉၂၏ အမည်မှာ ဦးဘိုးခင် နှင့် ဦးဖိုးခင် ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅၊ ရမ္မာဝတီအိမ်ရာ၊ မြေကွက်အမှတ် ၃၂၊ ဧရိယာ (၀.၁၃၄) ဧက၊ (၅၈၂၂) စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းမြင့် (N/OKA-၀၇၂၄၃၈)(၁၂/တမန(နိုင်)၀၁၀၁၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းဖြိုး အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄)**
**တိုက်(အေ-၄)၊ အခန်း(၁၀၈)၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အထက(၂) ကျောင်းလမ်း၊ အိမ်အမှတ် (၂၇၉)သည် သထုံမြို့နယ်မြေစာရင်းတွင် ဦးတင်အောင်ဝင်း ၁၀/သထန(နိုင်)၀၉၁၂၃၄ (ဘ) ဦးရှု့ဝင်း နှင့် ဒေါ်သီတာပြုံး ၁၀/သထန(နိုင်) ၀၈၅၀၈၄ (ဘ)ဦးပြုံးတို့ ဇနီးမောင်နှံ (၂)ဦးအမည်ပေါက်လျက်ရှိပြီး နှစ်ဦးပိုင်ဆိုင်သောမြေကွက်နှင့် နေအိမ်ဖြစ်ပါသည်။ ၎င်းမြေကွက်နေအိမ်နှင့် ပတ်သက်၍ ဒေါ်သီတာပြုံး (ဘ)ဦးပြုံး မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများမပြုလုပ်ရန်နှင့် ဒေါ်သီတာပြုံး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာပြုံး ၁၀/သထန(နိုင်) ၀၈၅၀၈၄၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၈၇)**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၀၀၇၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ မြေကွက်အမှတ် (၇၅က+ခ)မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၃) ခန်းတွဲ (၃ထပ်ခွဲ)ထပ်တိုက်၏ တိုက်အမှတ် (၇၅က+ခ)၊ တတိယထပ် ၊ (၄)လွှာ အလယ်ခန်း၊ အကျယ်အဝန်း (၁၃' x ၅၄')ပေရှိ တိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားအရပ်ရပ်အားလုံးတို့အား ဒေါ်မေမွန်ရည် ၅/ကသန(နိုင်)၀၆၈၁၉၈ က ဝယ်ယူပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်နိုင်ဆွေ ၁၂/ဥကတ(နိုင်)၁၅၉၂၉၃မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး (၇) ရက်အတွင်းပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်နိုင်ဆွေ**
**၁၂/ဥကတ(နိုင်)၁၅၉၂၉၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)**
**အမှတ်-၇၇၊ ဦးပုညလမ်းနှင့်ဗိုလ်ကြာညွန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၂၄၅၉၆၈၃၀**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်မှ ခုံအမှတ်၊ စအ-၁၀၊ စတုတ္ထနှစ် (အင်္ဂလိပ်စာ) ဖြင့် ဖြေဆိုအောင်မြင်ထားသော နန်းရတနာဆီဝမ်း၏ ဖခင် ဦးစိုင်းအောက်(ခ)စံဦး (ခ) ဦးစိုင်းအော့(တ်) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုင်းအောက်(ခ)စံဦး (ခ)**
**ဦးစိုင်းအော့(တ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/31789, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်ကိုက်လူ ၁၃/မပတ(နိုင်)၀၀၀၂၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/2394, Toyota Dyna KDY270 , Light Truck (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရှဲန် ၁၃/ကတန (နိုင်) ၀၀၂၆၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ကျွန်မ ဒေါ်အေးအေးမူ ၁၃/လရန(နိုင်)၀၂၂၅၆၃ သည် အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်ပါ မအေးမူနှင့် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်အေးအေးမူ**
**၁၃/လရန(နိုင်)၀၂၂၅၆၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/70052 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှဖုန်းပြည့်ဘို ၉/အမဇ(နိုင်)၁၀၃၁၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/5383 Honda Fit, H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနန္ဒာမိုး ၉/အမဇ(နိုင်) ၀၀၅၅၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် ဒ-၃၁၈၆၄၊ မြေဧရိယာ ၀ ဒသမ ၁၃၇ ဧကရှိ ဦးသိန်းဆု (ဘ) ဦးညွန့်ခင် ၅/မရန(နိုင်)၀၃၁၀၈၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသိန်းဆုမှ ဒေါ်ဖြူဖြူလွင် (ဘ)ဦးဟန်စိန် ၆/ထဝန (နိုင်)၀၀၀၄၄၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိ အရှေ့ရပ်၊ မြေကွက်အမှတ် (ဒ-၂၂၅၁)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဒေါ်လီရှောင်ယို (ဘ) ဦးရှီလောက်ချိန် ၁၃/လကန(နိုင်)၀၀၆၃၂၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်လီရှောင်ယို့မှ ဦးစန်းနေမျိုး (ဘ) ဦးတင်အေး ၁၂/ရပသ(နိုင်)၀၄၃၈၁၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

မအိအိသိမ့် (ဘ)ဦးတင်မြင့် ကိုင်ဆောင်သည့် ပတ်စ်ပို့စာအုပ် MJ – 777641 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၀၄၀၇၂၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

သာစည်မြို့နယ်၊ မဲတောကျေးရွာနေ (ဘ)ဦးကျော်တိုး၏ သား မောင်ရှိုင်းအောင် ၉/သစန(နိုင်) ၁၇၉၀၇၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၁၂၆၂၇၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ မြေကွက်အမှတ်(ပ-၁၅၂၉) ကို အမည်ပေါက် ဒေါ်သိင်္ဂီ (ဘ) ဦးစောအောင် ၁၂/သခန(နိုင်)၀၀၇၂၂၆ မှ ဒေါ်မေမြတ်နွယ် (ဘ) ဦးဘချစ် ၁/ကမန(နိုင်)၀၀၃၀၀၈ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၉၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်မေဇော်ထူး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၀/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇေယျာထွန်း ၇/ဒဥန(နိုင်)၀၄၄၈၃၆ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးထင်ရှားကျော် ၉/ပမန(နိုင်)၁၉၀၂၄၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂ )**

**မဟာအောင်မြေခရိုင်တရားရုံး**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၈ နှင့် ဆက်နွယ်သည့်**

**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၃၀**

ဒေါ်နီနီ (ခ) ဒေါ်နန်းခမ်းစိန်(ကွယ်လွန်သူ **နှင့်** ဦးမြအောင် ဦးသောင်းဆွေ၏ တရားဝင်ကိုယ်စားလှယ်)

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂) ရပ်ကွက်၊ ၄၂x၄၃ လမ်းကြား၊ လမ်း (၆၀-ဘီ) လမ်းနေ ဦးမြအောင် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နီနီ(ခ)ဒေါ်နန်းခမ်းစိန် (ကွယ်လွန်သူ-ဦးသောင်းဆွေ၏ တရားဝင်ကိုယ်စားလှယ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၂ ရက်၊ ( ၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ်၊ ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ကွက်သစ် (၁)လမ်း၊ အမှတ် (၄) ဟုခေါ်တွင်သော ပေ (၃၀x၃၅) အကျယ်ရှိ မြေကွက်အနက် ခြေရင်းဘက်အခြမ်းဖြစ်သော ပေ (၁၅x၃၅) အကျယ်ရှိ မြေကွက်အပါအဝင် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ (၃) ထပ်တိုက် (၁) လုံး၏ (၁၄ ဒသမ ၅ x ၃၅) ပေအကျယ်ရှိ ဒုတိယထပ်(၃)လွှာ (ခြေရင်းဘက်အခြမ်း)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် တိုက်ခန်းတွင်တွယ်ကပ် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၊ တိုက်ခန်းတို့နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၅) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် အဆိုပါမြေကွက်နှင့် တိုက်ခန်းအား ဆက်လက်အရောင်းအဝယ် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသူဇာနှင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၁၆)**
**ဖုန်း-၀၉-၂၅၄၂၁၈၀၂၄**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လင်းလည်အုပ်စု၊ ဒေါ်ယင်းကုန်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-4 မှ မောင်ရှိုင်းဝဏ္ဏအောင်၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းထိုက် ၈/မသန(နိုင်) ၁၂၀၇၆၈ ဖြစ်ပါကြောင်း။

**ဦးဇင်မင်းထိုက်**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အထက ပြင်ခရိုင်မှ ဆရာမ ဒေါ်လှလှရီ ၁၄/ပတေ(နိုင်) ၁၁၁၅၄၀ ၏ ဖခင်မှာ ဦးစီဒါမာမွတ် (ခ)ဦးမာမွတ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးစီဒါမာမွတ်(ခ)ဦးမာမွတ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏ (၁၉) ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့နှင့် ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ (၁၄) ကြိမ်မြောက် ကွန်ပျူတာဘွဲ့အတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏ (၁၉) ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့ နှင့် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၏ (၁၄) ကြိမ်မြောက် ကွန်ပျူတာဘွဲ့အတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၁၇-၁-၂၀၂၆ ရက် ( စနေနေ့ )
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၈-၁-၂၀၂၆ ရက် ( တနင်္ဂနွေနေ့ )

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)နှင့် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)တို့၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E, B.C.Sc., B.C.Tech ဘွဲ့ရ စာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။ ယခင်နှစ်တွင် ထုတ်ပြန်ခဲ့သော ဘွဲ့ရစာမေးပွဲ အောင်မြင်ခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - B.E, B.C.Sc. , B.C.Tech ဘွဲ့အတွက် ၁၅၀၀၀/-
(ခ) **အဝေးရောက်ဘွဲ့** - B.E, B.C.Sc., B.C.Tech ဘွဲ့အတွက် ၁၀၀၀၀/-

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ ပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲxနှစ်လက်မ)အရွယ် ဓာတ်ပုံ (၅) ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်း၊ ဆံပင်ဆေးဆိုးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၂၃-၁၂-၂၀၂၅ ရက်မှစ၍ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)ရှိ သင်တန်းရေးရာဌာနသို့ ပြည့်စုံစွာဖြည့်စွက်ပြီး ၃၁-၁၂-၂၀၂၅ ရက် နောက်ဆုံးထား လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် (လုံးဝ)တက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင် တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာ တင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

**မှတ်ချက်**။ အသေးစိတ် အချက်အလက်များကို စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ရှိ သင်တန်းရေးရာဌာန ဖုန်း-၀၉-၃၄၉၀၁၆၉၉၄၊ ၀၉-၄၄၂၄၃၂၂၂၅ တွင် စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်၊ မြို့မလမ်း၊ အကွက် (၄)၊ ရွာမပိုင်းကွက်၊ ဦးပိုင်အမှတ် (၁၃၈)၊ ဧရိယာ ၀ ဒသမ ၁၁၂ ဧက၊ မြေပိုင်ဆိုင်ခွင့် (ဘီ) မြို့မြေဟုခေါ်တွင်သည့် ဦးဘစိန် ပါ (၂) အမည် ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အား အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ခင်သန်းမြေ့ ထံမှ လည်းကောင်း၊ ဦးပိုင်အမှတ် (၁၃၃)၊ ဧရိယာ ၀ ဒသမ ၁၂၂ ဧက၊ မြေပိုင်ဆိုင်ခွင့် (ဘီ) မြို့မြေဟုခေါ်တွင်သည့် ဒေါ်စိန်မြိုင် အမည်ပေါက်မြေနှင့် ယင်းမြေကွက် ပေါ်ရှိနေအိမ်အား အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်နေထွန်းဦး ပါ မောင်နှမ (၇) ဦးထံမှ လည်းကောင်း ဒေါ်ဝါဝါမိုး (ဘ) ဦးစိန်မြင့် ၁၂/ကခက(နိုင်)၀၅၁၇၄၃ မှ ကွမ်းခြံကုန်းမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ဆောင်ရွက်၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် မူလအမည်ပေါက်သူ ဦးဘစိန် ပါ (၂) အမည်မှ ဒေါ်ဝါဝါမိုး အမည်သို့လည်းကောင်း၊ ဒေါ်စိန်မြိုင် အမည်မှ ဒေါ်ဝါဝါမိုး အမည်သို့လည်းကောင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသော ကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှ (၁) လအတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများ တင်ပြလျက် ကွမ်းခြံကုန်း မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက ဌာန၏အမည်ပြောင်းလဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်း လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ကွမ်းခြံကုန်းမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/4218 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အနံ့ဇုန်၊ (၁၇၄) ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၄၇၉) ဟုခေါ်တွင်သော အလျား ပေ ၆၀ x အနံ ပေ ၈၀ ရှိ မြေကွက်နှင့် ဆက်စပ်လျက်ရှိသော မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ U MUTHAYA ၁၂/ရကန(ပြု)၀၀၀၀၉၈ ထံမှ ကျွန်တော် ဦးစီဝယ်ညာနွှန်(ခ)ဦးလှဦးမှ ဝယ်ယူမည် ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးစီဝယ်ညာနွှန် (ခ) လှဦး**
**ဖုန်း-၀၉-၅၁၁၆၉၉၇**

## ပတ်စ်ပို့ ပျောက်

ဝမ်းတွင်းမြို့နယ်၊ နဘဲကန်ရွာနေ (အဘ)ဦးလှမင်း၏သား မောင်ဖြိုးမင်း ကို ၉/ဝတန(နိုင်)၂၂၆၃၆၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် MI-362777 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၉၉၁၁၈၆၊ ၀၉-၉၅၃၀၅၉၃၅၄**

## Red Roof Investment Development Company Limited နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉) Brilliance Mansion ကွန်ဒို တည်ဆောက်ရေးတွင် Red Roof Investment Development ကုမ္ပဏီမှ Developer အဖြစ် ဆောင်ရွက်ပြီး ရောင်းချထားသည့် အခန်းများနှင့် ပတ်သက်၍ ၂၅-၁၁-၂၀၂၅ ရက်စွဲပါ အသိပေးအကြောင်းကြားစာ (နို့တစ်စာ) ပေးပို့ခဲ့သော အခန်းပိုင်ရှင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

Developerသည် အခန်း ပိုင်ရှင်များထံမှ အခန်းတန်ဖိုး၏ (၃) ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် နိုင်ငံတော်သို့ ပေးဆောင်ရန်နှင့် **"တိုက်ခန်း အကျိုးခံစားခွင့်လွှဲပြောင်းခြင်း သဘောတူကတိစာချုပ်"** ပေါ်တွင် အခွန်တံဆိပ်ခေါင်းကပ်နှိပ်ပေးရန်အတွက်ဟူ၍ တံဆိပ်ခေါင်းဖိုးငွေများကို ကြိုတင်ကောက်ခံပြီး လက်ခံထိန်းသိမ်းထားသည်မှာ အချိန်ကာလ အတော်ကြာပြီဖြစ်ကြောင်း၊ ယင်းအခွန်အခများနှင့် ပတ်သက်၍ လူကြီးမင်းတို့ဘက်မှ အခန်းပိုင်ရှင်များအား အဆိုပါ အခွန်အခများကို ကုမ္ပဏီသို့ တစ်လုံးတစ်ခဲတည်းပေးအပ်မှသာလျှင် အခန်းလက်ဝယ်အပ်နှံမည်ဖြစ်ကြောင်း၊ အခန်းပိုင်ရှင်များကိုယ်စား နိုင်ငံတော်သို့ မပျက်မကွက်အခွန်ထမ်းဆောင် ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင် ကတိပြုပြောဆို၍ အခန်းပိုင်ရှင်များမှ အခန်းလက်ရောက်ရရှိရေးနှင့် လူကြီးမင်းတို့၏ ပြောစကားကို ယုံကြည်ပြီး ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

"တိုက်ခန်းအကျိုးခံစားခွင့်လွှဲပြောင်းခြင်းသဘောတူကတိစာချုပ်"ပါ စာမျက်နှာ-၂၊ အပိုဒ်-၃.၂ အရ အခွန်ဆောင်ပြီးနောက် အခွန်ဖြတ်ပိုင်း (သို့မဟုတ်) သက်သေပြချက်ကို Party-B (တိုက်ခန်းဝယ်ယူသူ)ထံသို့ ပြန်လည်ပေးမည်ဖြစ်ပြီး ကျန်သည့်ပိုငွေကို ပြန်အမ်းပေးပါမည်ဟု ဖော်ပြပါရှိပြီးဖြစ်၍ သက်ဆိုင်ရာအခွန်ရုံးများသို့ အခွန်အခများ ပေးဆောင်ထားသည့် တရားဝင်အထောက်အထားမူရင်းများအား အခန်းပိုင်ရှင်များ လက်ဝယ်သို့ မပျက်မကွက် ပေးအပ်ရန်နှင့် ပိုငွေများ ပြန်ပေးအပ်ခြင်းတို့သည် Developer ၏ တာဝန်ဖြစ်သော်လည်း ကုမ္ပဏီဘက်မှ စာချုပ်ပါအတိုင်း ဆောင်ရွက်ခြင်းမရှိခဲ့ပါ။

Developerသည် နိုင်ငံတော်သို့ပေးဆောင်ရန် အခန်းပိုင်ရှင်များထံမှ လက်ခံရယူထားသော အခွန်အခများနှင့် ပတ်သက်၍ စစ်မှန်ပြီးတိကျသေချာသော အထောက်အထားတစ်စုံတစ်ရာကို အခန်းပိုင်ရှင်များထံ ပေးအပ်ရန် တာဝန်ရှိသော်လည်း ယနေ့အချိန်ထိ မည်သည့်အခန်းရှင်ကိုမှ ပေးအပ်ထားခြင်းမရှိသည့်အပြင် စာချုပ်ပါအချက်များကို ဖောက်ဖျက်လျက်ရှိပါသည်။

Developerသည် အခွန်ထမ်းဆောင်ထားကြောင်း ခိုင်မာသည့်အထောက်အထားတစ်စုံတစ်ရာ မပေးနိုင်ပါက အခန်းရှင်များ၏အခွန်နှင့်ပတ်သက်၍ နစ်နာဆုံးရှုံးခြင်းများစွာ ဖြစ်ပေါ်ပါသည်။ အခန်းရှင်များအနေဖြင့် ဝင်ငွေခွန် ပေးဆောင်ရန်အတွက် သက်ဆိုင်ရာအခွန်ဦးစီးဌာနသို့ ပူးတွဲတင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများကို Developer ဘက်မှပေးအပ်ရန် အကြိမ်ကြိမ် ပျက်ကွက်ခြင်းများလည်းရှိနေပါသည်။

Developer အနေဖြင့် အခန်းပိုင်ရှင်များ၏ အခွန်နှင့်ပတ်သက်၍ တာဝန်ကျေပွန်အောင် ဆောင်ရွက်ထားမှုမရှိခြင်း၊ အခန်းရှင်များ၏ ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်ခြင်း၊ အခန်းရှင်များမှ ဥပဒေနှင့်အညီ ဝင်ငွေခွန်ထမ်းဆောင်ရန် လုပ်ဆောင်နေခြင်းအပေါ်တွင် လိုအပ်သည့်အထောက်အထား စာရွက်များကို ပေးအပ်ရန်ပျက်ကွက်နေခြင်း၊ စာချုပ်ပါ စည်းကမ်းချက်အား အတိအလင်းချိုးဖောက်ခြင်းတို့ရှိနေခြင်းကြောင့် အခန်းရှင်များသည်များစွာနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ Developer အနေဖြင့် အခန်းရှင်များထံမှလက်ခံထားသော နိုင်ငံတော်သို့ထမ်းဆောင်ရမည့် အခွန်အခများနှင့် ပတ်သက်၍ တိကျမှန်ကန်စွာလုပ်ဆောင်ထားမှုမရှိခြင်းနှင့် နို့တစ်စာပါ အမှန်တကယ်လိုအပ်နေသော အကြောင်းအရာများကို လိုက်နာဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် အခန်းပိုင်ရှင်များ၏ နစ်နာမှုအတွက်အစားထိုး လျော်ကြေးအနေဖြင့် Maintenance Fees နှင့် အခန်းရှင်များ၏ အခန်းအရောင်းအဝယ်အပေါ် ကုမ္ပဏီဘက်မှ ပတ်သက်မှုမရှိဘဲအကျိုးခံစားခွင့်အား ရာသက်ပန်စွန့်လွှတ်ရမည်ဖြစ်သည့်အပြင် အထက်ပါကိစ္စများနှင့်ပတ်သက်၍ အခန်းရှင်များဘက်မှ ဥပဒေနှင့်အညီ တရားစွဲဆိုရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အခန်းပိုင်ရှင်များ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းသီတာစိုး (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၁၇)**
**အမှတ်(၆၇၈)၊ ဇောတိက(၁)လမ်း၊၁၆/၄ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၀၇၄၃၈**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၁ / ၂၀၂၅-၂၀၂၆ ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်းများကို **အမေရိကန်ဒေါ်လာဖြင့်** အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည် ဖြစ်ပါသည်-

(က) ခဲသတ္တုပုဟုယူဆရသော ၁.၁၃ တန် နမ့်ပန်တက် ကျောက်အိတ် နယ်ခြားစစ်ဆေးရေးဂိတ်

(ခ) ခဲသန့်စင်မှုန့် ၅၉.၄ တန် ဟဲပိုးရုံးခွဲ

၂။ (က) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၃-၁၂-၂၀၂၅ ရက်မှ ၅-၁-၂၀၂၆ ရက်အထိ ရောင်းချသွားမည် ဖြစ်ပါသည်။

(ခ) တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်မှာ ၆-၁-၂၀၂၆ ရက်၊ နေ့လယ် (၁၃:၀၀) နာရီ ဖြစ်ပြီး၊ ယင်းရက် (၁၅:၀၀) နာရီတွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ်(၁၉)၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ ၊ ဖုန်း -၀၆၇ - ၃၄၀၉၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## အိတ်ဖွင့်လေလံခေါ်ယူခြင်း

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အင်္ဂပူမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကန်သာယာလမ်းရှိ မြေရေိယာ ၀ ဒသမ ၁၆ ဧကနှင့် ၎င်းမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း(၁)ထပ် အဆောက်အအုံ(၃၆' x ၁၄၀' x ၁၈')တို့အား အိတ်ဖွင့်လေလံစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၂၃-၁၂-၂၀၂၅ ရက် မှ ၂၉-၁၂-၂၀၂၅ ရက်ထိ |
| **လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** | - | ၂၉-၁၂-၂၀၂၅ ရက်၊ ညနေ (၁၆:၀၀) နာရီ |
| **လေလံလျှောက်လွှာ ဖွင့်ဖောက်မည့်ရက်** | - | ၃၀-၁၂-၂၀၂၅ ရက်၊ နံနက် (၁၀:၀၀) နာရီ |
| **လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** | - | အင်္ဂပူမြို့နယ်သမဝါယမအသင်းစုရုံး ကန်သာယာလမ်း၊ အင်္ဂပူမြို့ |
| **ဆက်သယ်ရန်ဖုန်း** | | ၀၉-၄၂၁၁၅၁၄၂၅၊ ၀၉-၆၆၅၃၄၇၄၈၆ |

## မန်းရွှေစက်တော် ဘုရားပွဲတော် တည်းခိုဆောင်နှင့် အထွေထွေအရပ်ရပ်လုပ်ငန်း ဒုတိယအကြိမ်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ၊ မင်းဘူး (စကု) မြို့နယ်၊ မန်းရွှေစက်တော်ရာဘုရားကြီး၊ ဗုဒ္ဓပူဇနိယပွဲတော်အား ၂၂-၁-၂၀၂၆ ရက် ၊ ၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၅) ရက်မှ ၁၇-၄-၂၀၂၆ ရက်၊ ၁၃၈၈ ခုနှစ် ၊ နှစ်ဆန်း(၁) ရက်အထိ ( ၈၆ ) ရက်တိုင် ကျင်းပသွားမည်ဖြစ်ပါသည် ။

ပွဲတော်ကာလအတွင်း လုပ်ကိုင်ကြမည့် တင်ဒါလုပ်ငန်းများ ပထမအကြိမ် ရောင်းချပြီး ကျန်ရှိသည့် တင်ဒါလုပ်ငန်း လုပ်ကိုင်ခွင့်များကို ၂၂ -၁၂-၂၀၂၅ ရက် မှ ၃၁-၁၂-၂၀၂၅ ရက်အထိ မင်းဘူးမြို့၊ ဂေါပကရုံးတွင် သတ်မှတ်ပုံစံဖြင့် လျှောက်ထားရန် ဖိတ်ခေါ်အပ်ပါသည်။

တည်းခိုဆောင်နှင့် အထွေထွေအရပ်ရပ် ဒုတိယအကြိမ် တင်ဒါလုပ်ငန်း ဖွင့်ပွဲအား ၁-၁-၂၀၂၆ ရက်၊ နံနက် (၉:၀၀) နာရီတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ မင်းဘူးမြို့၌ ကျင်းပသွားမည် ဖြစ်ပါသည် ။

အခြားသိရှိလိုပါက မင်းဘူးမြို့၊ မန်းရွှေစက်တော်ရာဘုရား ဂေါပကရုံးသို့ လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး အောက်ပါဖုန်းနံပါတ်များတွင်လည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း- ၀၉-၂၅၀၃၄၅၃၀၅၊ ဖုန်း-၀၉-၄၄၁၁၀၂၇၀၄

**မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့**

**မင်းဘူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်နေခြည်ငွေးလွင် ၈/မသန(နိုင်)၀၇၇၂၄၄ (ဘ)ဦးငွေးလွင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၀၃၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၅၆၈/၂၀၂၃ (၃၀-၁၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမောင်မောင်သင် ၉/မသန(နိုင်)၀၀၉၆၅၉ (ဘ)ဦးအောင်လှိုင်မှ ဒေါ်ပိုင်စိုးချစ် ၁၃/ကလန (နိုင်)၁၁၁၉၇၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၃၁၆၂)၊ ပေ(၈၀x၆၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ အိမ်ဝိုင်းခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဦးထွန်းဝဏ္ဏ ၁/မကတ(နိုင်)၀၆၅၁၅၅ အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် အမည်ပေါက်ရရှိထားသောမြေကွက် ဖြစ်ပါသည်။ ယင်း မြေကွက်အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်နှင်းနွယ်စိုး ၅/ဖပန(နိုင်)၀၄၃၇၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နီလာသန်း ၁၃/မဆတ(နိုင်)၀၄၀၉၉၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော မြေငှားဂရန်မူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇေယျ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၁၉၀)**

**အမှတ်(၃၅)၊ ရွာတော်မင်္ဂလာဈေး၊ ပုဗ္ဗသီရိမြို့**

**ဖုန်း-၀၉ -၇၇၈ ၄၄၇၇၅၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ (၅)ရပ်ကွက်၊ ခမိတ်(၄)လမ်း၊ အိမ်အမှတ်(၃၃)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးသန္တာအောင် ၁၂/ရကန(နိုင်) ၀၅၃၆၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မမိုးထက်နေခြည် (ဘ) ဦးမျိုးဝဏ္ဏ ၇/ပခန (နိုင်) ၅၂၃၈၄၈ သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံမှုမရှိဘဲ မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ် ဆောင်ရွက်နေခြင်း၊ မိဘများအား အရှက်ရကာ ဂုဏ်သိက္ခာကျဆင်းစေသည့် လုံးဝခွင့်မလွှတ်နိုင်သည့် အကြောင်းကိစ္စများကို ပြုမူဆောင်ရွက်ခဲ့ပြီး မိဘနှစ်ပါးအား စိတ်ဆင်းရဲ ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ မမိုးထက်နေခြည်အား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

သို့ဖြစ်ပါ၍ မမိုးထက်နေခြည်နှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်မှန်သမျှ တစ်စုံတစ်ရာကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ကျော်စိုး**

**အထက်တန်းရှေ့နေ (စဉ်-၁၆၇၃၇/၁၂-၅-၈၈)**

**အမှတ်(၈၄၄-ခ)၊ စာ၀(၁၆)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကော်တုံကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒေါ်နွဲ့နွဲ့ဝင်း၏ ဖခင် ဦးအောင်ငြိမ်း(ခ) ဦးအောင်ညိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ငြိမ်း(ခ) ဦးအောင်ညိမ်း**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးခင်မောင်လွင်၏သား ဦးဟိန်းထက်အောင် ၁၂/ဗဟန(နိုင်) ၁၀၇၄၉၃ (CDC-141349) ၏All in one (DKP-141349) စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၀၀၄၅၉၃၃**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးလင်းထိုက် ၏သား မောင်ဟိန်းသူရအောင် ၇/ကကန(နိုင်) ၁၁၃၃၀၇နှင့် (ဘ) ဦးဗိုလ်သိန်း၏ သမီး မမီမီကျော် ၁၂/ဥကတ (နိုင်)၂၁၉၂၉၅ တို့သည် ၁၈-၁၂-၂၀၂၅ ရက် တွင် သက်သေများရှေ့မှောက် ၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦး သဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမီမီကျော် ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**

**ဖုန်း-၀၉ - ၄၂၀၀၄၇၅၅၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)

## ဝိုင်းမော်မြို့နယ်တရားရုံးတော်၌

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄

ဒေါ်ထွယ်ဘောက် **နှင့်** ၁။ ဦးအယ်တူးအောင်
၂။ ဒေါ်အိဆွေဇင်

**(တရားလို)** **(တရားပြိုင်များ)**

ဝိုင်းမော်မြို့၊ ရုံးတန်းရပ်ကွက်၊ အမှတ်(၁၃)နေ (၁)တရားပြိုင်ဦးအယ်တူးအောင်(ယခုနေရပ်လိပ်စာမသိ)နှင့် ဝိုင်းမော်မြို့၊ ခတ်ချိုအလယ်ပိုင်း၊ အမှတ်(၂၈၅)နေ (၂)တရားပြိုင်ဒေါ်အိဆွေဇင် (ယခုနေရပ်လိပ်စာမသိ) တို့ (၂)ဦး သိစေရမည်။

